**သတ္တဗေဒ** (ပါဏဗေဒ) ဆိုသည်မှာ သတ္တဝါများအကြောင်းကို လေ့လာသည့် ပညာတရပ်ဖြစ်ပြီး ဇီဝဗေဒမှ ခွဲထွက်လာသည့် ဘာသာ တစ်မျိုးဖြစ်သည်။ သတ္တဗေဒမှာ သတ္တဝါ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးဝင်ပုံ၊ ပြုမူနေထိုင်ပုံနှင့် ဆင့်ကဲပြောင်းလဲပုံများအား အဓိကထားလေ့လာသုံးသပ်သည့် သက်ရှိဆိုင်ရာ သိပ္ပံပညာတစ်ရပ်ပင် ဖြစ်သည်။

# ကဏ္ဍ:သတ္တဗေဒ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

Wikimedia Commons တွင် ***Zoology*** နှင့် ပတ်သက်သော မီဒီယာ ရှိသည်။

သတ္တဗေဒ သတ္တဝါများနှင့် သက်ဆိုင်သော ဆောင်းပါးများကို စုစည်းထားသည်။

*ဤကဏ္ဍ၏ အဓိက ဆောင်းပါးမှာ **သတ္တဗေဒ** ဖြစ်သည်။*

## ကဏ္ဍခွဲများ

ဤကဏ္ဍတွင် စုစုပေါင်း ၂ ခု အနက်မှ အောက်ပါ ကဏ္ဍခွဲ ၂ ခု ရှိသည်။

### ခ

- ခန္ဓာဗေဒ (၅ ကဏ္ဍ, ၄၃ စာမျက်နှာ)

### တ

- တိရစ္ဆာန် (၁၅ ကဏ္ဍ, ၅၀ စာမျက်နှာ)

## ကဏ္ဍ "သတ္တဗေဒ" မှ စာမျက်နှာများ

စုစုပေါင်း ၂၆ အနက်မှ အောက်ပါ စာမျက်နှာ ၂၆ ခုသည် ဤကဏ္ဍတွင် ရှိသည်။

- သတ္တဗေဒ

## က

- ကနုကမာ
- ကမာ
- ကိမိလဗေဒ
- ကော်ဒိတ်

## ခ

- ခရုခွံ
- ဒက်အတလီ
- ခရင်းကောင်
- ခရုမျိုး
- ခူကောင်

## င

- ငါးကြီးအန်ဖတ်

## ဇ

- ဇင်းကြောလိပ်

## တ

- တိရစ္ဆာန်
- တိရစ္ဆာန်စရိုက်

## မ

- မျိုးစဉ်
- မျိုးစိတ်
- မျိုးစု
- မျိုးပေါင်း
- မျိုးရင်း

- မြန်မာနိုင်ငံ ကုန်းသတ္တဝါများ
- မြန်မာနိုင်ငံရေနေ တိရစ္ဆာန်များ

**လ**

- လောက (ဇီဝဗေဒ)

**သ**

- သတ္တဝါ
- သဗ္ဗာ
- သွေးအေးသတ္တဝါ

**အ**

- အာဖရိကတိုက်၏ တိရစ္ဆာန်မျိုးကွဲများ

# ကနုကမာ

ဝိကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

## ကနုကမာ[ပြင်ဆင်ရန်]

ခုံး၊ ကမာ၊ ယောက်သွားစသော ခရုခွံများတွင် အထပ် ၃ ထပ်ရှိသည့်အနက် အချို့သော ခရုခွံတို့၏ အောက် ဆုံး သို့မဟုတ် အတွင်းဖက်အကျဆုံး အထပ်မှာ ချောမွတ် ပြောင်လက်၍ ပုလဲရောင် ထနေသည်ကို တွေ့ဘူးကြပေမည်။ ဤအထပ်မှာ ကနုကမာအထပ်ဖြစ်၍ ဤအထပ်မျိုး ပါရှိသည့် ခရုခွံများကို ကနုကမာဟု ခေါ်ကြသည်။

ကနုကမာအထပ်တွင် ပါဝင်သောပစ္စည်းများမှာ ပုလဲတွင် ပါဝင်သော ပစ္စည်းများနှင့် အတူတူပင် ဖြစ်သည်။ ထုံးဓာတ် ပါသော ပစ္စည်းနှင့် ဦးချိုကဲ့သို့မာသော ပစ္စည်းတို့သည် အဆင့်ဆင့် အထပ်ထပ် တည်နေကြသည်။ ထိုအထပ်များ ပေါ်သို့ အလင်းကျရောက်သောအခါ အထပ်တို့၏ လွတ်နေ သော အစွန်းများက အလင်းကို ယိုင်စေသောကြောင့် စိမ်း၊ နီ၊ ဝါ၊ ပြာ စသော သက်တံ့ရောင်များ ဖြစ်ပေါ်လာ၍ လှပသော ကနုကမာရောင် ထွက်လာသည်။

ကနုကမာအထပ်ပါသော ခရုခွံများကို ကမ္ဘာ့အပူပိုင်းဒေသ များ၏ ကမ်းရိုးတန်းများတွင် တွေ့ရတတ်သည်။ တောင်ပင် လယ်ကျွန်းများ (ပစိဖိတ်တောင်ပိုင်းကျွန်းများ)၊ ဖိလစ်ပိုင် ကျွန်းစု၊ ဩစတြေးလီးယားတိုက်၊ ပနားမားနိုင်ငံ၊ ကာလီဖိုး နီးယား ပြည်တောင်ပိုင်း၊ ဂျပန်ကျွန်းတဝိုက်နှင့် မလ္လာယု ကျွန်းဆွယ် (ပသျှူးကျွန်းစွယ်)တို့တွင် အထူးပေါများသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း တလျှောက်တွင်လည်း တွေ့ရသည်။ အကောင်းဆုံး ကနုကမာများကို ဩစတြေး လီးယားတိုက်နှင့် သီဟိုဠ်ကျွန်းတို့မှ ရသည်။ ပနားမား နိုင်ငံမှရသော ကနုကမာမှာ သေးငယ်၍ အသားထူသည်။ မြောက်အမေရိကတိုက်၊ မစ်စစ်စပီမြစ်နှင့် အခြားမြစ်များရှိ ရေချိုခုံးကောင်များမှလည်း ကနုကမာများကို ရရှိတတ်ပေသည်။ ကနုကမာဖြင့် ရင်ထိုး၊ ကြယ်သီး၊ လည်ဆွဲစသော လက် ဝတ်တန်ဆာများကိုင်၊ ဆေးလိပ်ခွက်၊ ပြာပန်းကန်၊ ဓားရိုး၊ ထီးရိုး၊ ဓာတ်ပုံဘောင်စသော လူ့အသုံးအဆောင်များကိုင်း ပြု လုပ်ကြသည်။ သစ်သား၊ ယွန်းထည်စသည်တို့နှင့် ဖက်စပ်၍ လည်း တူရိယာနှင့် အိမ်သုံးပရိဘောဂများတွင် ပန်းကွက်များ ဖေါ်ရာ၌ ကနုကမာကို အသုံးပြုကြသေးသည်။ မြန်မာနိုင်ငံတွင် ကနုကမာဖြင့် ပြုလုပ်သော ပစ္စည်း အသုံးအဆောင် များကို အထူးသဖြင့် မြိတ်နယ်မှ ပြုလုပ်ရောင်းချလေ့ရှိသည်။

ယခုအခါ ပလပ်စတစ်ဖြင့်လည်း ကနုကမာအတုကို ပြုလုပ် ကြရာ ကနုကမာအတုမှာ ကနုကမာစစ် ကဲ့သို့ပင် လှပ၍ ကနု ကမာ အစစ်ထက် အဖိုးချိုသည်။

[၁]

# ကိမိလဗေဒ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်



မတူသည့် ပိုးတောင်မာ မျိုးစိတ်များ

**ကိမိလဗေဒ**(Entomology )သည် အင်းဆက်ပိုးများအား လေ့လာသည့် သတ္တဗေဒ ပညာရပ် မျိုးကွဲတစ်ရပ် ဖြစ်သည်။ ကမ္ဘာပေါ် ရှိ သက်ရှိမျိုးစိတ် ၁.၃ သန်း အနက် အင်းဆက်မျိုးစိတ်မှာ

သုံးပုံနှစ်ပုံခန့်ရှိသည်။ အချို့မျိုးစိတ်များမှာ လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၄၀၀ ခန့်ကတည်းက ရှင်သန်ကျက်စားခဲ့ကြသည်

# ကော်ဒိတ်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

| ကော်ဒိတ် |
| --- |
| (Chordates) |
| Temporal range: |
| (Fortunian) – (Holocene), 535–0 Ma |
| PreЄ |
| Є |
| O |
| S |
| D |
| C |
| P |
| T |
| J |
| K |
| Pg |
| N |



မျိုးပေါင်းစုသေး ၄-ခုမှ ကော်ဒိတ်များ၏ ဥပမာ၊ ဆိုက်ဘေးရီးယားကျား (Siberian Tiger) ((Vertebrata)) တစ်ကောင်၊(*Polycarpa aurata*) (Tunicata) တစ်ကောင်၊ *Ooedigera peeli* (Vetulicolia) တစ်ကောင်၊ (*Branchiostoma lanceolatum*) (Cephalochordata) တစ်ကောင်။

**မျိုးရိုးခွဲခြားခြင်း**

| | |
|---|---|
| လောက: | Animalia |
| လောကသေး: | Eumetazoa |
| *Clade*: | Bilateria |
| *Clade*: | Nephrozoa |
| Superphylum: | Deuterostomia |
| မျိုးပေါင်းစု: | **Chordata**<br>Haeckel, 1874[၁၂] |

**Subgroups**

- Cephalochordata
- †(Pikaiidae)

- (Olfactores)
  - †(Vetulicolia)[၃]
  - (Tunicata)
  - Vertebrata
  - †(*Palaeospondylus*)
  - †(*Zhongxiniscus*)

And see text

**ကော်ဒိတ်** (/ˈkɔːrdeɪt/) ဆိုသည်မှာ ကော်ဒေတာ(**Chordata**) မျိုးပေါင်းစု (phylum) ဝင် အကောင်များ (animal) ကို ဆိုလိုသည်။ (နိုတကော့ဒ် ((notochord)) ရှိသူများကို ကော်ဒေတာ မျိုးပေါင်းစုဝင်ဟု ခေါ်ကြသည်။)

- Deuterostomes
  - Ambulacraria
    - Hemichordates
    - Echinoderms
  - **Chordates**
    - Cephalochordates
    - Olfactores
      - Tunicates
      - Craniates (ကျောရိုးရှိသတ္တဝါများ)

ကော်ဒိတ် မိသားစုဝင်များဆက်စပ်ပုံဇယား (family tree)[၄]

## ခန္ဓာဗေဒ[ပြင်ဆင်ရန်]



ဖန်ငါးခူ (glass catfish သို့မဟုတ် *Kryptopterus vitreolus*)သည် ကျောရိုး(backbone)ကို အပြင်မှ မြင်နိုင်သည့် ကော်ဒိတ်အချို့မှ တစ်မျိုး ဖြစ်သည်။ ကျောရိုးအာရုံကြော(spinal cord)သည် ကျောရိုးအတွင်း၌ ရှိသည်။

ကော်ဒိတ်များသည် ၎င်းတို့ဘ၀အဆင့်အချို့တွင် အောက်ပါ ခန္ဓာဗေဒသွင်ပြင်လက္ခဏာများရှိသော တိရိစ္ဆာန်လောက(Animalia Kingdom)အတွင်းရှိ မျိုးပေါင်းစုတစ်ခုအဖြစ် သတ်မှတ်သည်။[၅]

- နိုတကော့ဒ် (notochord)။ ခန္ဓာကိုယ်၏ အတွင်းပိုင်းတစ်လျှောက်တွင် အရိုးနုဖြင့် ဖွဲ့စည်းထားသည့် အတန်အသင့်မာသော အချောင်း။ ကျောရိုးရှိ သတ္တဝါအမျိုးအစားတွင် ၎င်းသည် ကျောရိုး (spine) အဖြစ်သို့ ဖွံ့ဖြိုးသည်။ ရေနေမျိုးစိတ်များတွင် ၎င်းသည် အမြီးကို အားဖြည့်ခြင်းဖြင့် ရေကူးရာတွင် အထောက်အကူပြုသည်။
- ကျောရိုးအာရုံကြောသွားပိုက် (dorsal neural tube)
- ဖဲရဲန်ဂျီးယယ်ကွဲကြောင်း (Pharyngeal slit)
- အမြီး (Post-anal tail)
- အဲန်ဒိုစတိုင်လ် (Endostyle)။ လည်ချောင်းဝ (pharynx)၏ အောက်ပိုင်းနံရံ (ventral wall) တွင်ရှိသော မြောင်း (groove)။ ရေစာစစ်စားကောင်များ (Filter feeder) မျိုးစိတ်တွင် ၎င်းသည် အစာအပိုင်းအစများကို စုဆောင်းရန်နှင့် အီဆော့ဖစ်ဂပ်စ် (esophagus)သို့ သယ်သွားရန် အထောက်အကူပြုသည့် အကျိအချွဲများ သို့မဟုတ် သလိပ်ရည်တို့ကို ထုတ်လုပ်ပေးသည်။[၄] ၎င်းသည် အိုင်အိုဒင်းကို သိုလှောင်နိုင်ပြီး၊ ကျောရိုးရှိ သတ္တဝါတို့တွင် သိုင်းရွိုက်ဂလင်း (thyroid gland) ၏ ရှေ့ပြေးဟုဆိုနိုင်သည်။[၅]




1 = ကျောရိုးအာရုံကြောတွင်
ဖေါင်းနေသောနေရာ ("ဦးနှောက်")

**2 = နိုတကော့ဒ်**

**3 = ကျောရိုးအာရုံကြော**

**4 = အမြီး**

5 = စအို

6 = အစာခြေလမ်းကြောင်း

7 = သွေးလည်ပတ်မှုစနစ်

8 = atriopore

9 = လည်ချောင်းဝအပေါ်

**10 = ဖဲရဲန်ဂျီးယယ်ကွဲကြောင်း (ပါးဟက်)**

11 = လည်ချောင်းဝ

12 = vestibule

13 = oral cirri

14 = ပါးစပ်ပေါက်

15 = gonads ((သားအိမ်) / (ဝှေးစေ့))

16 = အလင်းရောင်ခံ

17 = အာရုံကြောများ

18 = metapleural fold

19 = hepatic caecum ((အသည်း)ကဲ့သို့သောအိတ်)




(cephalochordate) *(Amphioxus)*တစ်ကောင်၏ ခန္ဓာဗေဒ သရုပ်ပြပုံ။ ကော်ဒိတ်များ၏ ဘဝအဆင့်အချို့တွင် ပိုင်ဆိုင်သောတခြား မျိုးပေါင်းစုများမှ ကွဲလွဲသည့် ခန္ဓာဗေဒသွင်ပြင်လက္ခဏာများတို့ကို စာလုံးမည်းဖြင့် ပိုထင်ရှားအောင် ပြထားသည်။

# အမျိုးအစားခွဲခြားခြင်း[ပြင်ဆင်ရန်]

အောက်ပါ အမျိုးအစားခွဲခြားခြင်းဇယားသည် ၂၀၀၄-ခုနှစ်ထုတ် ကျောရိုးရှိသတ္တဝါဆိုင်ရာ နိဒါတကဗေဒစာအုပ်မှ ဖြစ်သည်။[မှ][၇] ကျောရိုးမဲ့ ကော်ဒိတ်မျိုးပေါင်းများ (invertebrate chordate classes) မှာမူ ကမ္ဘာ့ငါးများ (Fishes of the World) စာအုပ်မှ ဖြစ်သည်။[၈]

- **ကော်ဒိတ်မျိုးပေါင်းစု** (**Phylum Chordate**)
    - †Vetulicolia?
    - မျိုးပေါင်းစုငယ် (Subphylum) **Cephalochordata** (Acraniata) – (lancelets၊ မျိုးစိတ် ၃၀-ခု)
        - မျိုးပေါင်း (Class) **Leptocardii** (lancelets)
    - Clade **Olfactores**
        - မျိုးပေါင်းစုငယ် (Subphylum) **Tunicata** (Urochordata) – (tunicates၊ မျိုးစိတ် ၃,၀၀၀-ခု)
            - မျိုးပေါင်း (Class) **Ascidiacea** (sea squirts)
            - မျိုးပေါင်း (Class) **Thaliacea** (salps)
            - မျိုးပေါင်း (Class) **Appendicularia** (larvaceans)

- မျိုးပေါင်း (Class) **Sorberacea**
- မျိုးပေါင်းစုသေး (Subphylum) **Vertebrata** (Craniata) (ကျောရိုးရှိသတ္တဝါများ (vertebrates)၊ မျိုးစိတ် ၅၇,၆၇၄-ခု)
  - မျိုးပေါင်းကြီး (Superclass) '**Agnatha**' paraphyletic (မေးရိုးမဲ့ ကျောရိုးရှိသတ္တဝါများ (jawless vertebrates)၊ မျိုးစိတ် ၁၀၀ ကျော်)
    - မျိုးပေါင်း (Class) **Cyclostomata**
      - Infraclass Myxinoidea or Myxini (hagfish၊ 65 မျိုးစိတ်)
      - Infraclass Petromyzontida or Hyperoartia (lampreys)
    - မျိုးပေါင်း (Class) †Conodonta
    - မျိုးပေါင်း (Class) †Myllokunmingiida
    - မျိုးပေါင်း (Class) †Pteraspidomorphi
    - မျိုးပေါင်း (Class) †Thelodonti
    - မျိုးပေါင်း (Class) †Anaspida
    - မျိုးပေါင်း (Class) †Cephalaspidomorphi
  - Infraphylum **Gnathostomata** (မေးရိုးနှင့် ကျောရိုးရှိသတ္တဝါများ)
    - မျိုးပေါင်း (Class) †**Placodermi** (Paleozoic armoured forms; paraphyletic in relation to all other gnathostomes)

- မျိုးပေါင်း (Class) **Chondrichthyes** (အရိုးနုငါးအမျိုးအစားများ (cartilaginous fish)၊ မျိုးစိတ် ၉၀၀ ကျော်)
- မျိုးပေါင်း (Class) †**Acanthodii** (Paleozoic "spiny sharks"; paraphyletic in relation to Chondrichthyes)
- မျိုးပေါင်း (Class) **Osteichthyes** (အရိုးမာငါးအမျိုးအစားများ၊ မျိုးစိတ် ၃၀,၀၀၀ ကျော်ရှိ)
  - မျိုးပေါင်းသေး (Subclass) **Actinopterygii** (ဆူးတောင်ဆက်ငါးအမျိုးအစားများ (ray-finned fish)၊ မျိုးစိတ် ၃၀,၀၀၀ ခန့်ရှိ)
  - မျိုးပေါင်းသေး (Subclass) **Sarcopterygii** (ဆူးတောင်ဖုငါအမျိုးအစားများ (lobe-finned fish)၊ မျိုးစိတ် ၈-ခု)
- မျိုးပေါင်းကြီး (Superclass) **Tetrapoda** (ခြေလေးချောင်းနှင့် ကျောရိုးရှိသတ္တဝါများ၊ မျိုးစိတ် ၂၈,၀၀၀ ကျော်) (အောက်ဖော်ပြပါ မျိုးရိုးအခွဲများသည် Benton 2004 စာအုပ်[၆]မှ

ယူထားခြင်းဖြစ်ပြီး၊ အဆင့်အတန်းအခြေပြု လင်းနီးယပ်၏ မျိုးရိုးခွဲခြားခြင်းစနစ် (Linnaean taxonomy)နှင့်လည်း ပေါင်းစပ်ထားကာ၊ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်အရ ဆက်စပ်မှုများကိုလည်း ထင်ဟပ်ထားစေသည်။ ယခင်က ပိုမိုမြင့်မားသော မျိုးရိုးခွဲအဆင့် သတ်မှတ်ခံထားရသော်လည်း Benton သည် ဆူးတောင်ဖု ငါးအမျိုးအစားများ (lobe-finned fish)မှ tetrapods များ၏ တိုက်ရိုက်ဆင်းသက်မှုကို ထင်ဟပ်စေရန် မျိုးပေါင်းကြီး Tetrapoda ကို မျိုးပေါင်းသေး Sarcopterygii တွင်ထည့်သွင်းခဲ့သည်။)

- မျိုးပေါင်း (Class) **Amphibia** (ကုန်းတစ်ပိုင်း ရေတစ်ပိုင်းသတ္တဝါ၊ မျိုးစိတ် ၈,၁၀၀ ကျော်ရှိ)[၉]
- မျိုးပေါင်း (Class) **Sauropsida** (တွားသွားသတ္တဝါများ(ငှက်များအပါအဝင်၊ မျိုးစိတ် ၁၉,၀၀၀ကျော် – ငှက်မျိုးစိတ် ၁၀,၀၀၀ ကျော်နှင့်

တွားသွားသတ္တဝါ မျိုးစိတ် ၉,၅၀၀ ကျော်)[၁၀][၁၁]

- မျိုးပေါင်း (Class) **Synapsida** (နို့တိုက်သတ္တဝါများ၊ မျိုးစိတ် ၅,၇၀၀ ကျော်)

# ခရုခွံ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်



အမြင်လေးမျိုးဖြင့် ကုန်းခရုခွံ

ခရုခွံဆိုရာ၌ ခရု၊ ကမာ၊ ရှပ်၊ ယောက်သွား စသော ခရုမျိုးဝင် တိရစ္ဆာန်အမျိုးမျိုးတို့၏ အခွံအားလုံးကို ဆိုလိုသည်။ ခရုအခွံသည် ခရုကောင်၏ ခန္ဓာကိုယ်ထက်ကြီးကာ အပြင်ဖက်၌တည်ရှိ၍ အကာအကွယ်အလို့ငှာဖြစ်သည်။ သို့သော် ပက်ကျိ၊ ကင်းမွန်၊ ဘဝဲ စသောအကောင်များတွင် အခွံသည် ခန္ဓာကိုယ်အတွင်း၌ တည်ရှိတတ်သည်။ ထိုအခွံမျိုးသည် များသောအားဖြင့် သေးငယ်တတ်သည်။ အချို့ခရုမျိုး၌ကား အခွံဟူ၍ လုံးဝမပါရှိချေ။ ခရုခွံများကို ပင်လယ်ကမ်းခြေ၌ တွေ့ရဖန်များတတ်သည်။ သို့သော် ပင်လယ်ထဲ၌လည်း အနှံ့အပြား ရှိသည်။ အချို့မှာ ပင်လယ်ကမ်းရိုးတန်းရှိ ရွံ့နွံများအောက်၌ နစ်မြုပ်နေ၍၊ အချို့မှာ ပင်လယ်အောက်သို့ ကျနေတတ်သည်။ တခါတရံ ကမ်းမှ မိုင်ပေါင်းများစွာကွာသည့် ပင်လယ်ရေပြင်၌ ပေါလောမျောနေသည့် ခရုခွံများလည်း ရှိသည်။ ရေငန်ရပ်တွင်သာမဟုတ် ရေချိုရပ်၌လည်း ခရုခွံအများကို တွေ့နိုင်သည်။ လွန်လေပြီးသောအခါက ပေါ်ပေါက်ခဲ့သော ပင်လယ်သမုဒ္ဒရာတို့သည် နှောင်းကာလ၌ တိမ်ကောသွားတတ်သည်။ ထိုအခါ ပင်လယ်အောက်ရှိ မြေသည် ပေါ်လာပြီးလျှင် မြင့်မားသော ကုန်းမြင့်တောင်တန်းဖြစ်လာတတ်သည်။ ထိုဒေများ၌ ခရုခွံတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တစ်ခါတစ်ရံ တူးဖော်ရရှိတတ်သည်။



အတွင်းပိုင်း ဖွဲ့စည်းပုံကို ပြသရန်အတွက် ပျက်စီးနေသော ကုန်းခရုခွံတစ်ခု

**မာတိကာ**


- ၁ဖြစ်ပေါ်လာပုံ
- ၂အမျိုးအစား ခွဲခြားခြင်းနှင့် တွေ့ရှိရသော နေရာများ
- ၃အသုံးပြုပုံ
- ၄ကိုးကား


# ဖြစ်ပေါ်လာပုံ[ပြင်ဆင်ရန်]

ခရုကိုယ်၏ ကျောမှ စိမ့်၍ထွက်လာသော အရည်သည် စစ်၍ ခြောက်သွားသောအခါ ခရုခွံဖြစ်လာသည်။ ထိုအခွံများတွင် အဓိက ပါဝင်သော ပစ္စည်းတို့မှာ ထုံးကျောက်၊ မြေဖြူ၊ စကျင်ကျောက် စသည်တို့၏ အရင်းခံပစ္စည်းဖြစ်သော ကယ်လဆီယမ် ကာဗွန်နိတ်ပင် ဖြစ်သည်။ ထို့ကြောင့် ခရုခွံများကို မီးပြင်းတိုက်လျှင် ထုံးရစမြဲဖြစ်၏။ ခရုကောင်ကြီးမားလာလေလေ၊ အခွံလည်း ထူလာလေလေဖြစ်သည်။

ခရုခွံတွင် အလွှာသုံးလွှာရှိသည်။ အပြင်ဖက်ဆုံးအလွှာသည် ချိုသားဖြစ်၍ ထုံးဓာတ်မပါဝင်ချေ။ ထိုအောက်ရှိ ဒုတိယအလွှာ၌ ကယ်လဆိုက်ဓာတ်ဖြင့် ပြီးသော သေးငယ်သည့် ပရစ်ဇမ်ပုံ ပစ္စည်းကလေးများ ပါရှိသည်။ အောက်ဆုံးအလွှာမှာ ပုလဲရောင်ထ၍ ချောမွေ့ပြောင်လက်နေသော ကနုကမာအလွှာဖြစ်သည်။ ထိုအလွှာတွင် ထုံးဓာတ်ပါဝင်သော ပစ္စည်းနှင့် ချိုသားပါဝင်သော ပစ္စည်းတို့သည် တစ်လွှာပေါ်တစ်လွှာဆင့်၍ တည်နေကြသည်။ ထိုသို့ အလွှာလွှာထပ်နေသော အဆင့်တို့၌ လွတ်နေသော အစွန်းများ ရှိသည်။ ထိုအစွန်းများသို့ အလင်းရောင်ဖြတ်သွားသည့်အခါ အလင်းရောင်သည် ယိုင်သွားပြီးလျှင် စိမ်း၊ နီ၊ ဝါ၊ ပြာ စသော သက်တံရောက်များသည် ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ကနုကမာအထပ်သည် အများက နှစ်သက် တန်ဖိုးထားရလောက်အောင် တောက်ပြောင်လှပလေသည်။ အပြင်ဖက်ရှိ ခရုခွံ၏ အရောင်သည်

အမျိုးမျိုးရှိသည်။ သို့သော် အစိမ်းရောင်ချည်းသော်လည်းကောင်း၊ အပြာရောင်ချည်းသော်လည်းကောင်းမရှိချေ။ အရောင်အမျိုးမျိုး ဒွေးရောယှက်တင် ရှိတက်သည်။ အပူပိုင်း ဒေသများတွင် တွေ့ရသော ခရုခွံများသည် သမပိုင်းဇုန်တွင် တွေ့ရသော ခရုခွံများထက် ပို၍ လှပတောက်ပြောင်သည်။

## အမျိုးအစား ခွဲခြားခြင်းနှင့် တွေ့ရှိရသော နေရာများ[ပြင်ဆင်ရန်]

ခရုခွံများတွင် ပုံသဏ္ဍာန် အမျိုးမျိုး ရှိကြသော်လည်း အကြမ်းအားဖြင့် နှစ်မျိုးနှစ်သား ခွဲခြားထားသည်။ တစ်မျိုးမှာ ခရုလုံး၊ ခရုစေတီ တို့ကဲ့သို့ အခွံတစ်ခုတည်းသာ ရှိ၍ ယင်းကို အခွံထီးဟု ခေါ်သည်။ အခြားတစ်မျိုးမှာ ရှပ်၊ ကမာ၊ ယောက်သွားတို့ကဲ့သို့ တစ်နေရာတွင် ပတ္တာသဘောဖြင့် ဆက်နေသော အခွံနှစ်ခုရှိ၍၊ ယင်းကို အခွံမများသာ ဖြစ်ကြ၍၊ ရေခရုမျိုးတို့၏ အခွံများတွင် အခွံထီးရော အခွံစုံပါ နှစ်မျိုးစလုံး တွေ့ရသည်။ ယနေ့အထိ အကြီးဆုံးသော ခရုခွံများကို အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် တွေ့ရသည်။ ထိုအခွံများမှ ကမာခွံ အကြီးစားမျိုးနှင့် သဏ္ဍာန်တူ၍ အချင်း ၂ပေမှ၊ ၃ ပေ အထိ ရှိပြီးလျှင် အလေးချိန်မှာ တစ်ခါတစ်ရံ ပေါင် ၄၀၀ ပင် ကျော်တတ်ပေသေးသည်။ ထိုအခွံကြီးများသည် အလွန်မာသောကြောင့် ကယ်ရိုလိုင်းကျွန်းများရှိ တိုင်းရင်းသားတို့သည် ယင်းအခွံများကို ပုဆိန်များပြုလုပ်၍ သုံးစွဲကြသည်။ ပုလဲနှင့် ရေမြှုပ်ငုပ်သမားများသည် ပင်လယ်အောက်၌ တစ်ခါတစ်ရံ ထိုအကောင်ကြီးမျိုး အညှပ်ခံရသဖြင့် ရေနှစ်သေဆုံးကြရသည်။ တစ်ခါတစ်ရံလည်း အညှပ်ခံရသော ခြေလက်ကို ပိုင်းဖြတ်၍ ကိုယ်လွတ်ရုန်းခဲ့ရဘူးသည်ဟု ဆိုလေသည်။



ဓာတ်မှန်ရိုက်ယူထားသော ပင်လယ်ခရုခွံပုံ

## အသုံးပြုပုံ[ပြင်ဆင်ရန်]

ခရုခွံများ၏ ကနုကမာအလွှာမှ ရင်ထိုး၊ ကြယ်သီး၊ လည်ဆွဲ စသောပစ္စည်းများကို ပြုလုပ် ရောင်းချလေ့ရှိသည်။ ဆေးလိပ်ခွက်၊ ပြပန်းကန်၊ အစရှိသော စားပွဲတင် အသုံးအဆောင်များလည်း ပြုလုပ်ကြသည်။ ရှေးကျသည့် လူမျိုးအချို့သည် ခရုခွံများကို ကြေးငွေပိုက်ဆံအဖြစ်ဖြင့် အသုံးပြုကြ၏။ အိန္ဒိယနှင့် ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ကျွန်းနေ တိုင်းရင်းသားအချို့သည် လည်းကောင်း၊ အာဖရိကတိုက် အတွင်းပိုင်းရှိ တိုင်းရင်းသား အချို့သည်လည်းကောင်း၊ ခရုခွံများကို ယနေ့တိုင်အောင် ငွေကြေးအဖြစ် အသုံးပြုလျက် ရှိသေးကြောင်း သိရလေသည်။[၁]

# ဒက်အတလီ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

ဇီဝဗေဒ အလိုအားဖြင့် ဒက်အတလီ (Dactyly) ဟုခေါ်သည့် ခြေလက်အင်္ဂါ နေရာချထားမှုသည် လက်ဖဝါး၊ ခြေဖဝါးပေါ် ရှိ ခြေလက်အင်္ဂါများ(လက်ချောင်းများနှင့် ခြေချောင်းများ)၏ အစဉ်လိုက် စီရီနေရာချထားမှုကို ခေါ်ဆိုပြီး တစ်ခါတရံတွင် တက္ထရှာပေါ့ (Tetrapod) ခေါ် ခြေလေးချောင်းသတ္တဝါများ၏ တောင်ပံများကို ရည်ညွှန်းရာတွင် အသုံးပြုသည့် ဂရိဘာသာစကား δακτυλος = "finger" မှ ဆင်းသက်လာသည့်အသုံး ဖြစ်သည်။ တစ်ခါတရံတွင် "-dactylia" ဟု ဆိုးသည့်အသုံးပြုမှုများလည်း ရှိသည်။ နာမဝိသေသနများအား အသုံးသတ် "-dactyl" သို့မဟုတ် "-dactylous" ဟူ၍ ရေးသားကြသည်။




ငှက်ခြေထောက် ဖွဲ့စည်းပုံနှင့် အမည်သတ်မှတ်ပုံ

# ခရင်းကောင်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

| |
|---|
| **Barnacles** |
| **Temporal range: Mid Cambrian–Recent** |
| PreЄ |
| Є |
| O |

| |
|---|
| S |
| D |
| C |
| P |
| T |
| J |
| K |
| Pg |
| N |



"Cirripedia" from Ernst Haeckel's *Kunstformen der Natur* (1904). The crab at the centre is nursing the externa of the parasitic cirripede *Sacculina*



| *Chthamalus stellatus* | |
|---|---|
| **မျိုးရိုးခွဲခြားခြင်း** | |
| လောက: | Animalia |
| မျိုးပေါင်းစု: | Arthropoda |
| မျိုးပေါင်းစုသေး: | Crustacea |
| မျိုးပေါင်း: | Maxillopoda |
| မျိုးပေါင်းသေး: | Thecostraca |
| Infraclass: | **Cirripedia** |
| | Burmeister, 1834 |
| **Superorders** | |
| Acrothoracica<br>Thoracica<br>Rhizocephala | |
| **Synonyms** | |
| Thyrostraca, Cirrhopoda (meaning "curl-footed"), Cirrhipoda, and Cirrhipedia. | |

## ခရင်းကောင်[ပြင်ဆင်ရန်]

ပင်လယ်ကမ်းခြေသို့ ရောက်ဘူးသူတို့သည် ကျောက် ဆောင်၊ တံတားတိုင်၊ သစ်တုံး သစ်လုံးများပေါ်၌ အစုအပြုံ လိုက် တွယ်ကပ်နေသော ခရင်းကောင်များကို တွေ့ဘူးကြပေ မည်။ ခရင်းကောင် တို့သည် ခွက်ပုံရှိသော အခွံအတွင်း၌ နေထိုင်ကြ၍၊ ယင်းတို့အပေါ်ကို ဖိနပ်မပါဘဲ

တက်နင်းမိလျှင် ခြေဖဝါးကို ပဲ့သွားအောင် စူးရှတတ်သည်။ အခွံ၏အတွင်း၌ ထိပ်ဝကိုလိုသလို ပိတ်နိုင် ဖွင့်နိုင်သော လေးရွက်ဆိုင်ထိပ်ဖုံး များ ပါရှိသည်။ ရေကျ၍ ခရင်းကောင်များပေါ်နေချိန်၌ ကုတ် ခြစ်သံကဲ့သို့ အသံသဲ့သဲ့ ကြားရတတ်ရာ၊ ထိုအသံမှာ အခွံ အတွင်းရှိ ခရင်းကောင်လှုပ်ရှား၍ ထိပ်ဖုံးအခွံကလေးများ အချင်းချင်း ပွတ်တိုက်မိရာမှ ထွက်ပေါ်လာသောအသံ ဖြစ် သည်။ ခရင်းကောင်ကို အများကပင် ခရုတစ်မျိုးဟု ထင်မှတ် နေကြသည်။ သို့သော် ယင်းတို့သည် အမှန်စင်စစ် ခရုမျိုးတွင် မပါဝင်ဘဲ ပုဇွန်တုပ်ကြီး ကနန်းမျိုးတွင် ပါဝင်သော ရေ သတ္တဝါတစ်မျိုး ဖြစ်သည်။

ခရင်းကောင်အမျိုးမျိုးရှိသည်။ အချို့မှာ အထက်တွင်ဖော်ပြ သကဲ့သို့ ကျောက်ဆောင်များပေါ်၌လည်းကောင်း၊ အချို့မှာ တံတားတိုင်၊ သစ်တုံး သစ်လုံးများသာမက လှေသင်္ဘောတို့၏ဝမ်းပိုက်၊ ပဲ့ တက်မနှင့် ငမန်းယပ် ပန်ကာများပေါ်၌လည်းကောင်း တွယ်ကပ်နေတတ် သည်။ အချို့မှာ လိပ်ကျောကုန်းပေါ်၌ တွယ်ကပ်တတ်၍၊ ဝေလငါးကိုယ်ပေါ်၌ တွယ်ကပ်နေတတ်သော အမျိုးလည်း ရှိသည်။

တောင်အမေရိကတိုက် ချီလီနိုင်ငံ၌ ကျောက်ဆောင်များ ပေါ်တွင် တွယ်ကပ်နေသော ခရင်းကောင်များမှာ အချင်း ၃ လက်မ အလျား ၉ လက်မခန့် အထိ ကြီးမား၍ ၊ ထို အကောင်များ၏အသားကို စားကောင်း သောက်ဖွယ်တစ်ခု အနေနှင့် စားသောက်ကြသည်။ ဂျပန်နိုင်ငံတွင် ခရင်းကောင် အငယ်စားတစ်မျိုး တွယ်ကပ်အောင် ဝါးလုံးများကို ကမ်းခြေ၌ တမင်တကာ ချထားပြီးနောက် သုံးလတစ်ကြိမ်လောက် ခရင်း ကောင်များကို ရိုက်ခွာယူ၍ မြေသြဇာ ပြုလုပ်ကြသည်။ သို့သော် အထူးသဖြင့် ပင်လယ်ကူးသင်္ဘောကြီးများတွင် ဝမ်းပိုက်၊ ပဲ့တက်မနှင့် ငမန်းယပ်များ၌ သိန်းသန်းကုဋေနှင့် ချီ၍ တွယ်ကပ်တတ်သော ခရင်းကောင်မျိုးမှာ လူတို့အား ကြီး စွာသော အနှောင့်အယှက်ကို ပေးကြ၏။ တစ်ကောင်ချင်း ဆိုလျှင် ဘာမျှ အရေးမပြုလောက်သော်လည်း၊ ထုထယ်ကြီး မားစွာနှင့် စုပေါင်း တွယ်ကပ်မိသောအခါ ယင်းတို့သည် သင်္ဘော၏အသွားနှုန်းကို ထက်ဝက်နီးပါးပင် လျော့သွားစေနိုင် သည်။ ထို့ကြောင့် သင်္ဘောတည်ဆောက်သူနှင့် သင်္ဘောသားတို့ သည် အဆိုပါ ခရင်းကောင်မျိုး တွယ်ကပ်သည့် အန္တရာယ်ကို ငွေကုန်ကြေးကျခံ၍ အမြဲတွန်းလှန် ဖြိုဖျက်နေကြရသည်။ ခရင်းကောင်တို့၏ ကြီးပြင်းပုံသဘာဝမှာ အတော်ပင် ထူးဆန်းသည်။ ခရင်းကောင်သည် ပေါက်ဖွားစ အချိန်၌ စွန် (လေတံခွန်)နှင့် ပုံသဏ္ဌာန်တူ၍၊ ယင်းတွင် ချိုကလေးနှစ် ချောင်း၊ အမြီးရှည်ကလေးတချောင်း၊ ပြွန်ပုံပါးစပ်တစ်ခု၊ မျက်စိ တစ်လုံးနှင့် ရေကူးရန် ခြေထောက်ခြောက်ချောင်း ပါလာ သည်။ ထိုအကောင်ကလေးသည် ရေထဲ၌ ပက်လက်လှန်ကာ ခြေထောက်များကို ဆောင့်ကန်ကန်ယင်း ကူးခတ်သွားလာ၍ နေသည်။ ပုဇွန်တုပ်ကြီး ကနန်းမျိုးဖြစ်သည့်အတိုင်း အရေများ ကို အကြိမ်ကြိမ်လဲယင်းနှင့် ကြီးပြင်းလာရာမှ အခွံနှစ်ထပ် ပေါက်လာသည်။ မျက်စိနှစ်လုံး

ခြေထောက်ဆယ့်နှစ်ချောင်း ဖြစ်လာပြီး၊ အာရုံမျှင်ကလေးနှစ်ချောင်းလည်း ပေါက်လာသည်။ ထိုအချိန်တွင် ရေအကူးရပ်ကာ ရေအောက်သို့ ဦးခေါင်းဖက်မှ နစ်ဆင်းသွားပြီးလျှင် ကျောက်ဆောင်သစ်တုံး စသဖြင့် ရရာ အမှီ တစ်ခုခုပေါ်တွင် မိမိကိုယ်မှထုတ်သော ကော်စေးတစ်မျိုး ဖြင့် အမြဲတမ်း တွယ်ကပ်လိုက်သည်။

ဤသို့ တွယ်ကပ်ပြီးသောအခါ ခရင်းကောင်ကလေးသည် မိမိကော်စေးဖြင့် ဆက်လက်၍ မိမိနေထိုင်ရန် အခွံကို ဆောက် လုပ်သည်။ အခွံပြီးစီးသွားသောအခါ မိမိကိုယ်မှ အရေခွံနှစ်ထပ် ကို စွန့်ပစ်လိုက်သည်။ မျက်စိများ ပျောက်ကွယ်သွားပြီးနောက် ခြေထောက်များလည်း ငှက်မွေးကဲ့သို့ ဖွာထွက်လာသည်။ ကျွန်ုပ်တို့ မြင်တွေ့ရသော ခရင်းကောင်များမှာ ထိုကဲ့သို့ နေသားတကျ ဖြစ်နေသော အင်္ဂါစုံ ခရင်းကောင်များပင် ဖြစ်သည်။

ခရင်းကောင်တို့၏ စားသောက်ပုံမှာလည်း ထူးဆန်း၏။ ရေကျ၍ ခရင်းကောင်ခွံထိပ် ဖုံးပိတ်နေချိန်တွင် ခရင်းကောင်၏ ခြေထောက်များကို ကျွန်ုပ်တို့ မမြင်ရချေ။ သို့သော် ရေဖုံးလာသောအခါ ခရင်းကောင်သည် ထိပ်ဖုံးကို ဖွင့်၍ မိမိခြေထောက် များကို အပြင်သို့ ထုတ်လိုက်သည်။ ခြေထောက်ကလေးများ သည် ဟိုမှ သည်မှ လှုပ်ယမ်း၍နေကြ၏။ ထိုခြေထောက် ကလေးများသည် ခရင်းကောင်အဖို့ အစာဖမ်းယူသော ပိုက်ကွန် ပင် ဖြစ်ပေသည်။ ရေထဲ၌ မှုန်မှုန်မွှားမွှားပါလာသော အစာများ အတော်အသင့်ကပ်ငြိသောအခါ ခရင်းကောင်သည် ခြေထောက် များကို အခွံတွင်းသို့ ဆွဲသွင်းပြီးလျှင် ထိုအစာများကို စား သောက်သည်။ [၁]

# ခရုမျိုး

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

**မာတိကာ**


- ၁ခရုမျိုး
  - ၁.၁(၁) ဂက်စထရိုပဒါ(Gastropoda)၊
  - ၁.၂(၂) လမယ်လီဗရန်ကီးယား(Lamellibranchia)။
  - ၁.၃(၃) ဆယ်ဖလောပဒါ(Cephalopoda)။
  - ၁.၄(၄) အမ်ဖီနျူရာ(Amphineura)။
  - ၁.၅(၅) စကက်ဖိုပဒါ(Scaphopoda)။
- ၂ကိုးကား

# ခရုမျိုး[ပြင်ဆင်ရန်]

ခရုအမျိုးမျိုးပါဝင်သော ခရုမျိုးပေါင်းစုကြီးတစ်ခုလုံးကို ပါဏဗေဒအရ မော်လပ်စကား(Mollusca)ဟု ခေါ်တွင်၍ ထိုဝေါဟာရမှာ ကိုယ်ခန္ဓာပျော့သော သတ္တဝါမျိုးဟု အဓိပ္ပာယ်ပေါက်လေသည်။ ခရုမျိုးပေါင်းစုတွင် ခရုပက်ကျိ၊ ယောက်သွား၊ ကမာနှင့် ပက်ကျိတို့သာမက၊ ကင်းမွန်၊ ကင်းမွန်ဘဲလိပ်၊ ဘဝဲ စသော သတ္တဝါများလည်း ပါဝင်သည်။ ထိုသတ္တဝါများ၌ များသောအား ဖြင့် ကိုယ်ခန္ဓာကို ဖုံးအုပ်ကာကွယ်ထားသော အခွံမာများ ရှိကြသော်လည်း အချို့တွင် လုံးဝမပါချေ။အချို့တွင် ပါပြန်ကလည်း သေးငယ်၍သော်၎င်း၊ သို့မဟုတ်၊ ကိုယ်ထဲ၌ နစ်မြုပ်၍သော်၎င်း ရှိတတ်သည်။ အခွံပါရှိခဲ့သော် ခရုလုံးကဲ့သို့ အခွံတစ်ခုတည်း ပါရှိသော ခရုမျိုးဖြစ်က ခွံထီးခရုဟူ၍၎င်း ယောက်သွားကဲ့သို့ အခွံနှစ်ခြမ်းစပ်ပါရှိက အခွံစုံခရုဟူ၍၎င်း ခေါ်သည်။ အခွံပါ သည်ဖြစ်စေ မပါသည်ဖြစ်စေ အခွံဖြစ်ပေါ်ဖန်တီးပေးနိုင်သော အပေါ်ယံ အရေခွံတစ်ထပ်ကား အားလုံးမှာပင် ပါရှိကြ၏။ ရေငန်တွင် ခရုမျိုးပေါင်းစုံကို တွေ့ရ၏။ သို့သော် ရေချိုနှင့် ကုန်းတွင်နေသောခရုမျိုးလည်း ရှိသေးသည်။

ကမ္ဘာအရပ်ရပ်၌ ယခုအခါ ခရုမျိုးပေါင်း ၆၅၀၀၀ ခန့်မျှ ရှိ၍ ယင်းတို့ကို အောက်ပါအတိုင်း မျိုးပေါင်း ၅ မျိုး ခွဲခြား ထားသည်။

## (၁) ဂက်စထရိုပဒါ(Gastropoda)၊[ပြင်ဆင်ရန်]

ဤဝေါဟာရမှာ ဝမ်းပိုက်ဖြင့် သွားသောသတ္တဝါများဟု အဓိပ္ပာယ်ရ၍၊ ဤမျိုးပေါင်းတွင် ပက်ကျိနှင့်တကွ ရေချို၊ ရေငန်အပြင် ကုန်းမှာပါတွေ့ရသော ခရုလုံး၊ ခရုစေတီများ ပါဝင်သည်။ ကမ္ဘာအရပ်ရပ်တွင် တွေ့ရ သော ခရုမျိုးအားလုံးအနက် တဝက်ကျော်ကျော်သည် ဤမျိုး ပေါင်း၌ ပါဝင်သည်။ ယင်းတို့သည် မိမိတို့၏ ဝမ်းပိုက်အရေပြားကို မြေပေါ်၌ တွန့်၍ တွန့်၍ တစ်နေရာမှ တစ်နေရာသို့ တွားသွားကြသည်။

ဦးခေါင်းဦးချိုသဏ္ဌာန် ဦးမှင်တစ်စုံ ပါတတ်သည်။ ထိုဦး မှင်များ၏ထိပ်ဖျား၌ မျက်စိတစ်လုံးစီပါသည်။ အကယ်၍ ဦးမှင်နှစ်စုံရှိပါက နောက်ပိုင်းအစုံတွင် မျက်စိများ ပါရှိသည်။ ပက်ကျိကဲ့သို့သော အကောင်မျိုး အချို့တွင် အခွံလုံးဝမရှိဘဲ အချို့တွင် အလွန်သေးငယ်သော အခွံကလေးသည် ကိုယ် အတွင်း၌ နစ်မြုပ်နေသည်။ ကျန်အခွံရှိသော အမျိုးတို့တွင် အခွံသည် အခွံထီးဖြစ်၍၊ ဝက်အူလိမ်အရစ်များဖြင့် ကတော့ ပုံများ လည်း ရှိတတ်သည်။

## (၂) လမယ်လီဗရန်ကီးယား(Lamellibranchia)။[ပြင်ဆင်ရန်]

ဤမျိုးပေါင်းတွင် ရှပ်၊ ခုံး၊ ယောက်သွား၊ ကမာ စသော ရေနေအခွံစုံ ခရုအားလုံး ပါဝင် သည့်အတွက်၊ သာမန်အားဖြင့် အခွံစုံခရုမျိုးဟုလည်း ခေါ် ကြ သည်။ အခွံနှစ်ခြမ်းသည်

တစ်နေရာ၌ ပတ္တာဆက် ဆက်နေ၍၊ ထိုအခွံများကို အလိုရှိသလို ပိတ်နိုင် ဖွင့်နိုင်သည်။ ဤခရုမျိုး၏ ခြေထောက်မှာ ပုဆိန်သွားပုံသဏ္ဍာန်ရှိ၍၊ တစ်ခါတစ်ရံ ယင်းတို့ကို ပယ်လီဆိုင်ပေါ့(ပုဆိန်သွားပုံခြေထောက်ရှိ သတ္တဝါ) ဟုလည်း ခေါ်ကြသည်။ ဤခြေထောက်ဖြင့် သူတို့သည် သဲထဲ ရွံ့ထဲ၌ တွင်းတူးပြီး ခိုအောင်းနိုင်ကြသည်။ လမယ်လီဗရန်ကီးယား(Lamellibranchia)ဟု ခေါ်ခြင်းမှာ ဤခရုမျိုး၏ ပါးဟက်များသည် သစ်ရွက်သဏ္ဍာန် ပြားချပ်၍ အထပ်ထပ်ပါရှိသောကြောင့် ဖြစ်သည်။ (လမယ်လီ၊ ပါးလွှာသောအပြား၊ ဗရန်ကီးယား၊ ပါးဟက်)။

## (၃) ဆယ်ဖလောပဒါ(Cephalopoda)။[ပြင်ဆင်ရန်]

ဤဝေါဟာရမှာ ဦးခေါင်းတွင် ခြေထောက်ပေါက်သော သတ္တဝါမျိုးဟု အဓိပ္ပာယ်ပေါက်သည်။ ခရုမျိုးအားလုံးတွင် ဤသတ္တဝါမျိုးသည် ကိုယ်အင်္ဂါအစိတ် အပိုင်း အပြည့်စုံဆုံး အဆင့်အတန်းအမြင့်ဆုံးဖြစ်၍၊ အသိ ဉာဏ်အရာ၌ ကျောရိုးရှိတိရစ္ဆာန်များနှင့် အနီးစပ်ဆုံး ဖြစ်သည်။ ယင်းတို့သည် ရေငန်သတ္တဝါများ ဖြစ်ကြသည်။ ဤ ခရုမျိုး၏ ဦးခေါင်းတွင် မျက်စိနှစ်လုံးပါရှိ၍၊ ပါးစပ်ပတ်လည် ၌ စုတ်ယူနိုင်သော အင်္ဂါအဖုကလေးများနှင့် ပြည့်စုံနေသည်။ ဦးမှင် ၈ ချောင်းသော်၎င်း၊ ၁၀ ချောင်းသော်၎င်း ပါရှိသည်။ ပါးစပ်တွင် ကြက်တူရွေးနှုတ်သီးကဲ့သို့ မာကျောသောနှုတ်သီး တစ်မျိုးလည်း ပါရှိတတ်သည်။ ဘဝဲ၊ ကင်းမွန်နှင့် ကင်းမွန် ဘဲလိပ်တို့သည် ဤမျိုးပေါင်းတွင် ပါဝင်သည်။ သူတို့သည် အစာကိုဖြစ်စေ၊ ရန်သူကိုဖြစ်စေ၊ ဦးမှင်များဖြင့် ရစ်ပတ်ကာ ရုန်းမလွတ်နိုင်အောင် ဖမ်းစုတ်ထားပြီးလျှင် နှုတ်သီးဖြင့် ကိုက် ဖြတ်စားမျိုလေ့ရှိသည်။ ဤခရုမျိုးတွင် ရန်သူနှင့်တွေ့က အကာ အကွယ်အလို့ငှာ ပန်းထုတ်နိုင်သော မင်ရည်အိတ်လည်း ပါရှိ တတ်၍၊ ထွက်ပြေးလိုသောအခါ ထိုအရည်ကို မှုတ်ထုတ်ပြီး ရေကို နောက်ကျိစေ၍၊ တစ်ဟုန်ထိုး နောက်ဆုတ်ပြေးတတ် သည်။ယင်းတို့အနက် နော့တီလပ်(*Nautilus*)ဟုခေါ်သော လှပသည့်ပင်လယ် ခရုလုံးတစ်မျိုးတည်းတွင်သာ အခွံပါရှိ၍ ကျန်ခရုမျိုးတို့၌ လုံးဝ အခွံမပါချေ။ ပါပြန်လျှင်လည်း သေးငယ်၍ ကိုယ်ထဲ၌ နစ်မြုပ် နေသည်။

## (၄) အမ်ဖီနျူရာ(Amphineura)။[ပြင်ဆင်ရန်]

ဤခရုမျိုးသည် ရေငန်သတ္တဝါသက် သက် ဖြစ်သည်။ မာသောအခွံရှိ၍ အမ်ဖီနျူရာ(Amphineura)ဟု ခေါ်သည်။ ကိုယ်ထည်မှာ ခပ်ဝိုင်းဝိုင်းပြားပြားဖြစ်၍ ဦးခေါင်းသီးခြား မရှိချေ။ ကိုယ်အပေါ် ပိုင်းတွင်သာ သေးငယ်သော အခွံပါရှိ၍ အခွံမှာ ပါးလွှာကာ တစ်ခုပေါ်တစ်ခု ထပ်လျက်ရှိတတ်သည်။ ကိုယ်အောက်ပိုင်း တစ်ပိုင်းလုံးမှာ ခြေထောက်သဖွယ်ဖြစ်၍၊ ဤခြေထောက်ကို တွားသွားရန်နှင့် ကျောက်တွင် ကပ်တွယ် နေရန် အသုံးပြုသည်။

## (၅) စကက်ဖိုပဒါ(Scaphopoda)။[ပြင်ဆင်ရန်]

ဤခရုမျိုး၌ ဆင်စွယ်နှင့် ပုံသဏ္ဍာန် တူသော အခွံရှိ၍ စကက်ဖိုပဒါ(Scaphopoda)ဟုခေါ်သည်။ ဤမျိုးပေါင်းတွင် အမျိုးအနည်းငယ်သာပါ၍၊ အထက်တွင်ဖော်ပြခဲ့သော မျိုးပေါင်း တို့လောက် မထင်ရှားချေ။ ယင်းတို့သည် သေးငယ်သော ရေ သတ္တဝါများ ဖြစ်ကြ၏။ သူတို့၏အခွံမှာ တစ်ဖက်သို့ ရှူးသွား သော ပြွန်ကောက်ကလေးသဖွယ်ဖြစ်၍ ထိပ်နှစ်ဖက်စလုံး၌ အပိတ်မရှိဘဲ ပွင့်နေသည်။ ခရုဆင်နှာမောင်းဟု ခေါ်သော ခရုမျိုးသည် ဤမျိုးပေါင်းတွင် ပါဝင်သည်။ ခရုမျိုးဝင် သတ္တဝါတို့၏အရွယ်မှာ အစားစားရှိသည်။ အလွန်သေးငယ်သော အကောင်များလည်းရှိ၍ ကင်းမွန်ဘဲလိပ် အကြီးစားများမှာ အလျားပေ ၃၀ ကျော်အထိ ရှိသဖြင့် ကျောရိုးမဲ့သတ္တဝါထဲ၌ အရှည်လျားဆုံးပင် ဖြစ်သည်။ ယင်း တို့သည် များသောအားဖြင့် နေးကွေးကြ၏။ သို့သော် ကင်းမွန် ဘဲလိပ်၊ ဘဝဲစသော အကောင်အချို့မှာ အလွန်လျင်မြန် ဖျတ် လတ်ကြသည်။ ကမာကောင်သည်လည်း ငယ်ရွယ်စဉ်က ဖျတ် လတ်၍ ကြီးပြင်းလာသောအခါကျမှ ကျောက်တုံး ကျောက် ဆောင်များတွင် တွယ်ကပ်ပြီး မလှုပ်မရှားဘဲ နေသည်။ ကမ္ဘာတွင် ခရုများပေါ်စက ယင်းတို့အားလုံးသည် ပင်လယ်၌သာ ကျက်စားခဲ့ကြကြောင်းကို တူးဖော်ရရှိသော ရှေးဖြစ် ကျောက်ဖြစ်ရုပ်ကြွင်းများမှ လေ့လာသိရှိရပေသည်။ ထို့နောက် ရေချိုတွင် အချို့ ကျက်စားလာကြ၍ နောင်သော် ကုန်းပေါ်တွင်ပါ ကျက်စားလာကြသည်။ ယခုအခါ ပါဏဗေဒ အလိုအရ ဂက်စရိုပဒါ ခရုမျိုးတို့သည် ကုန်းသတ္တဝါအပေါင်း တွင် အမျိုးများပြားသော မျိုးပေါင်းတစ်ခု ဖြစ်နေကြောင်း သိရသည်။

ခရုတို့၏ အခွံများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိ၍ အလွန် လှပသည်။ ခရုတစ်မျိုး၏ အခွံကို ခရုသင်းဟု ခေါ်၏။ ခရု သင်းကို ပင်လယ်ကမ်းခြေ၊ အင်းအိုင်ကြီးများ၏ ကမ်းပါးနှင့် မြစ်ကမ်းပါးတို့တွင် တွေ့ရသည်။ ခရုသင်းသည် ပျော့ပျောင်း သော ခရုကိုယ်ခန္ဓာကို ကာကွယ်သော အပြင်ခွံဖြစ်သည်။ ထိုအခွံ၌ ထုံးနှင့် ထုံးကျောက် စသည့်ပစ္စည်းများ၏ မူလ အခြေခံဖြစ်သော ကယ်လဆီယမ် ကာဗွန်နိတ်ကို တွေ့ရသည်။ ခရုသင်းအခွံတွင် အလွှာသုံးလွှာ ပါရှိသည်။ အပြင် လွှာသည် မာကျော၍ ပါးလွှာ၏။ ထိုအလွှာတွင် ထုံးဓာတ် မပါရှိချေ။ အလယ်လွှာသည် ကယ်လဆီယမ်ကာဗွန်နိတ် ပါရှိသောအလွှာ ဖြစ်သည်။ အောက်ဆုံးအလွှာကား ရောင်ပြေး အလွှာ သို့မဟုတ် ကနုကမာနှင့် တူသောအလွှာ ဖြစ်သည်။ ကြယ်သီး၊ ရင်ထိုးစသော မိန်းမတို့၏အလှသုံးပစ္စည်းများကို ထိုအလွှာမှ ပြုလုပ်ယူကြသည်။

မြန်မာလူမျိုးတို့သည် မင်္ဂလာအခမ်းအနားဖြစ်သော လက်ထပ်မင်္ဂလာ၊ ရှင်ပြုမင်္ဂလာ စသည်တို့တွင် ရှေးထုံးစဉ်လာ အရ ခရုသင်းမှုတ်ထရှိကြသည်။ ဟိန္ဒူလူမျိုးတို့၏ ဘုရားရှိခိုး ကျောင်းများတွင်လည်း ခရုသင်း မှုတ်ရိုးထုံး ရှိသည်။ ခရုမျိုးဝင်သတ္တဝါအမျိုးမျိုးကိုပင် ကမ္ဘာအရပ်ရပ်ရှိ လူမျိုး တို့ စားသုံးကြရာ အများဆုံး စားသုံးကြသော ခရုမျိုးတို့မှာ

ပင်လယ်မှရသော ကမာ၊ ယောက်သွား၊ ရှပ်၊ စသည်တို့ ဖြစ် ကြသည်။ လူတို့စားသုံးရန် ဟင်းလျာအလို့ငှာ အချို့နိုင်ငံ၌ ကမာ၊ ယောက်သွား စသော ခရုမျိုးကို အကြီးအကျယ် မွေးမြူကြသည်။ ခရုဖင် လိမ်ကိုလည်း စားကြ၏။ ကင်းမွန်ဘဲလိပ် နှင့် ဘဝဲတို့ကိုမူ အချို့အရပ်ဒေသများ၌ စားကောင်းသောက် ဖွယ် အနေနှင့် တန်ဖိုးထား၍ စားသောက်ကြသည်။ ကင်းမွန် လို အကောင်မျိုးကို ယခုအခါ ပြည်ကြီးငါးဟု ဆို၍ စားကြ သည်။ ခရုတို့၏အသားကို ငါးဖမ်းရန်အတွက် ငါးစာအဖြစ်ဖြင့် လည်း အချို့နိုင်ငံ၌ အမြောက်အမြား အသုံးပြုကြ၏။ ရေချိုမှ ရသော ခရုမျိုးကိုကား စားသုံးလေ့မရှိကြပေ။ ခရုခွံအချို၌ ပုလဲ ရောင်ထနေသော ကနုကမာအထပ် ပါရှိ၍ ထိုအခွံမျိုးမှ ကြယ် သီး၊ ရင်ထိုး၊ ဆေးလိပ်ခွက် စသော အလှသုံးကနုကမာထည် များ ပြုလုပ်ကြသည်။ အချို့ကမာမျိုးမှ အဖိုးထိုက်တန်သော ပုလဲများကိုလည်း ရရှိသည်။[၁]

# ခူကောင်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

လိပ်ပြာ၏ဘဝဖြစ်စဉ်၌၊ လိပ်ပြာသည် ဥမှပေါက်လျှင်ပေါက်ခြင်း လိပ်ပြာဟူ၍ ဖြစ်မလာချေ။ ပိုးလောင်းကောင် ဘဝမှတစ်ဆင့် လိပ်ပြာဘဝသို့ အသွင်ပြောင်း ရသေးသည်။ ထိုလိပ်ပြာဖြစ်ရမည့် ပိုးလောင်း ကောင်ကို ခူဟူ၍လည်းကောင်း၊ ပေါက်ဖတ်ဟူ၍၎င်း ခေါ်ကြသည်။ ခူနှင့် ပေါက်ဖတ်ခြားနားချက်မှာ ခူ၌အမွေးရှိ၍ ပေါက်ဖတ်၌ အမွေးမရှိခြင်း ပင်တည်း။ လိပ်ပြာဥမှ ပေါက်ဖွားလာပုံမှာ ဤသို့ ဖြစ်သည်။

## ပေါက်ဖွားလာပုံ[ပြင်ဆင်ရန်]

ပထမတွင် လိပ်ပြာများသည် မိမိတို့၏ ဥများကို သစ်ရွက်များပေါ်တွင် ဥကြ၏။ လိပ်ပြာမတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း ၁၀၀၀ မှ ၁၂၀၀ ခန့်အထိ ဥ၏။ လိပ်ပြာဥတို့သည် ပုလဲလုံးကလေးများနှင့် တူ၍ တစ်ခုနှင့် တစ်ခုစပ်ကာ သစ်ရွက်များပေါ်တွင် အထပ်လိုက် ကပ်လျက်ရှိကြ၏။ ဥများဥပြီးနောက် ၄၊ ၅ ရက်အကြာတွင် ဥများမှ ခူကောင်ကလေးများ ပေါက်လာသည်နှင့်တစ်ပြိုင်နက် အစာကို လောဘတကြီး စတင်စားသောက်တတ်ကြလေသည်။ ထိုခူ ကောင်ကလေးများ ပေါက်ခါစ၌ ရက်အတော်ကြာမျှ သစ်ရွက်ပေါ်တွင် တစ်စုတစ်ဝေးတည်းနေ၍ သစ်ရွက်မှ အစိမ်းရောင် တစ်ရှူးများကို ဝိုင်း၍စားကြသည်။ အရွက်အားလုံးကိုကား မစားကြချေ။ ထို့ကြောင့် ခူကောင်ကျသောအပင်၏ အရွက်ကိုကြည့်လျှင် အဖြူရောင်ရှိ၍ ဆန်ခါကဲ့သို့ ထုတ်ချင်းပေါက် မြင်နိုင်သည်။ ယင်းတို့သည် အနည်းငယ်ကြီးထွားလာမှပင် အုပ်စုခွဲ၍ အရွက်များကို အားလုံးစားကြသည်။

ခူကောင်သည် အပင်များကို ဖျက်ဆီးတတ်သည်။ ယင်းတို့၏ရန်ကို ကာကွယ်ရန်မှာ ဥများနှင့် ပိုးကောင်ကလေးများရှိသော အရွက်တို့ကို သုတ်သင်ပစ် ရသည်။ ဤကဲ့သို့ ကြိုတင်ကာကွယ်ခြင်း မပြုလုပ်လျှင် ထိုဥများနှင့် ပိုးကောင်ကလေးများသည် အသီးအနှံ စိုက်ခင်းများကို အကြီးအကျယ် ဖျက်ဆီးနိုင်ကြသည်။ ခူကောင်များသည် တဖြည်းဖြည်း ကြီးထွားလာသောအခါ အပေါ်ယံအရေပြားသည် အခြားတိရစ္ဆာန် များကဲ့သို့ မကြီးဘဲ အလွန်တင်းကျပ်၍လာ၏။ ထိုအခါ မိမိတို့ကိုယ်တွင်ရှိသော အရေပြားကို ခွာထုတ်ပစ်ရန် ကြိုးစားကြ၏။ မကြာမီအတွင်း ဦးခေါင်းအရင်းနားမှစ၍ အရေပြားသည် ကွဲထွက်သွား၏။ ထိုအခါ ကိုယ်ကို တွန့်လိမ်၍ အရေပြားအတွင်းမှ ထွက်လာကြ၏။ ထိုနောက် ခူကောင်၏ကိုယ်ပေါ်တွင် နူးညံ့သောအရေပြား အသစ်တစ်ထပ် ဖုံးလွှမ်းလာပြန်သည်။ ထိုအရေပြားသည် ခွာထုတ်လိုက်သော အရေးပြားဟောင်းအောက်တွင် ရှိနေသော အရေပြားတစ်ထပ်ပင် ဖြစ်သည်။ နောက်ရက်အနည်းငယ်အတွင်း ထိုအရေပြားသည်လည်း ကနဦး စွန့်ပစ်လိုက်သော အရေပြားကဲ့သို့ပင် ကိုယ်မှ ကျွတ်ထွက်သွားပြန်သည်။ ခူကောင်သည် ကောင်းစွာမကြီး ထွားမီ ၄၊ ၅ ကြိမ်မျှ အရေလဲ၏။ သမပိုင်းဇုန်ဒေသများ၌ ခူကောင်ဘဝသည် ၂ လ၊ ၂ လမျှ ကြာ၏။ အလွန်အေးသော ဒေသများ၌ ခူကောင်ဘဝမှ လိပ်ပြာဘဝသို့ ပြောင်းလဲရန် ၂ နှစ် ၃ နှစ်မျှပင် ကြာ၏။

မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများ၌မူ ရက်ပေါင်း ၂၀ မှ တစ်လကျော်မျှကြာသည်။ ခူကောင်၌ အများအားဖြင့် ဦးခေါင်းမှအပ အပိုင်း ၁၂ ခု ရှိ၏။ ဦးခေါင်းပိုင်းမှစ၍ ရေတွက်သော် ပထမအပိုင်း ၃ ခုတွင် တစ်ခုစီ၌ အဆစ် ၅ ခုစီရှိသော ခြေထောက်များရှိ၏။ ယင်းတို့သည် နောင်အခါတွင် ကိုယ်လက်အင်္ဂါ ပြည့်စုံသော အင်းဆက်ပိုး၏ ခြေထောက်များ ဖြစ်လာကြ၏။ ရင်ပိုင်းတွင်လည်း ခြေထောက်ငုတ်တိုကလေးများ ရှိသေး၏။ သို့သော် ယင်းတို့သည် မှန်အားဖြင့် ခြေထောက်များ မဟုတ်ကြဘဲ နောက်ဆုံးခွာထုတ်လိုက်သော ခူကောင်၏ ကိုယ်မှ အရေပြား နှင့် ကပ်၍ ပါသွားကြလေသည်။ ဦးခေါင်းတစ်ဖက်တစ်ချက်၌ မျက်စိနှင့်တူသော အကွက် ကလေး ၆ ခု ရှိ၏။ ထိုအကွက်တို့သည် မျက်စိအတုများ ဖြစ်သည်။ ထိုမျက်စိအတုများဖြင့် မမြင်ကြချေ။ ခူကောင်သည် မိမိကိုယ်ကို တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားရာ၌ ဦးခေါင်းတွင်ရှိသော အဆစ်များရှိသည့် ဦးမှင် ၂ ခုဖြင့် စမ်း၍သွား၏။ ခူကောင်၏ ကိုက်နိုင်သော ပါးစပ်သည် အရည်ကို စုတ်ယူနိုင်သော လိပ်ပြာ၏ပါးစပ်နှင့် အလွန်ပင် ကွာခြားသည်။ ခူကောင်၏ ကိုယ်သည် ပြောင်ချော၍သော်လည်း ဖုံးလွှမ်းလျက်ရှိသည်။ ခူကောင်၏ အမွေးတွင် တောက်ပြောင်သော အရောင်များ ရှိတတ်သည်။

တိရစ္ဆာန်တို့သည် မိမိတို့၏ ခန္ဓာကိုယ်ကို အပူအအေးနှင့် ရန်သူဘေးရန်မှ ကာကွယ်နိုင်ရန်အလို့ငှာ သဘာဝက ဖန်တီးပေးသည်။ ယင်းသို့ဖြစ်ရာ ခူကောင်များသည်လည်း မိမိတို့ကိုယ်ကို ကာကွယ်နိုင်သော အရည်အချင်းနှင့် ပြည့်စုံ၏။ အချို့ခူကောင်များသည် အပင်များပေါ်၌ နေစဉ် ယင်းတို့ကို လွယ်ကူစွာ မမြင်နိုင်အောင် ပတ်ဝန်းကျင်ရှိ အရောင်များကို ဆင်ထားတတ်ကြ၏။ အချို့၌ ဆိုးရွား သောအနံ့ရှိသည့် အရည်တစ်မျိုးကို ထုတ်နိုင်သော ဂလင်းများပါရှိ၏။ ထို့ကြောင့် ခူကောင်များကို ငှက်နှင့် အခြားတိရစ္ဆာန်ငယ်များသည် မနှစ်သက်ကြချေ။ အာဖရိကတိုက်ရှိ ခူကောင် တစ်မျိုး၏အမွေးများသည် အဆိပ်ဖြစ်စေသဖြင့် ထိုအမွေးများကို မြားဆိပ်အဖြစ် အသုံးပြုကြသည်။ ခူကောင်များသည် မျက်စိအတုများဖြင့် မိမိတို့၏ ရန်သူကို ခြောက်လှန့်ကြ၏။ ထို့ပြင် ခူကောင်တို့၏ ကျောတွင်ရှည်၍ ကြာပွတ်နှင့်တူသော အမျှင်များ ပါရှိသည်။ ထိုအမျှင်များကို မွှေ့ရမ်းခြင်းဖြင့် မိမိတို့ ကိုယ်ကို ကာကွယ်နိုင်ကြလေသည်။

ဤကဲ့သို့ မိမိတို့ကိုယ်ကို ကာကွယ်နိုင်ကြသော်လည်း အစဉ်မပြတ် ပေါက်ဖွားလျက်ရှိသော ခူကောင်များသည် အနည်းငယ်မျှလောက်သာ လိပ်ပြာဘဝသို့ ရောက်နိုင်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ထက်ကြီးသော တိရစ္ဆာန်များ၏ အစားကို ခံကြရသည့်ပြင် အလွန်ငယ်သော ပါရာဆိုက် ပိုးကောင်ကလေးများကလည်း ယင်းတို့ကို ပြန်၍ ရန်မူသောကြောင့် ဖြစ်သည်။

[၁]

# ငါးကြီးအန်ဖတ်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်



ငါးကြီးအန်ဖတ်

## ငါးကြီးအန်ဖတ်[ပြင်ဆင်ရန်]

တစ်ခါတစ်ရံ ရေမွှေးတွင် ပါရှိသော အမွှေးအကြိုင်ကို စပယ်ပန်း၊ နှင်းပန်း စသည်တို့မှ ပေါင်းခံမယူဘဲ ငါးကြီးအန်ဖတ်ခေါ် ဝေလငါး၏ အူအတွင်းမှ ရရှိသောပစ္စည်း တစ်မျိုးမှ ပေါင်းခံယူကြသည်။ ထိုပစ္စည်း၌ သွေးပြန်ကြောများ ပါရှိခြင်းကြောင့် အရောင်မှာ ညစ်ပုပ်ပုပ် ဖြစ်သည်။ ပင်လယ် တွင် ငါးကြီးအန်ဖတ်များကို အစုလိုက် အပြုံလိုက် မျောနေ သည်ကို တွေ့ရတတ်၏။ အတ္တလန္တိတ် သမုဒ္ဒရာတွင် ပေါင် ၂၀၀ ကျော်မျှ အလေးချိန်စီးသော ငါးကြီးအန်ဖတ်များကို တွေ့ရတတ်သည်။ တစ်ခါတစ်ရံ ငါးကြီးအန်ဖတ်ကို ဘရာဇီးနိုင်ငံ၊ မက်ဒါဂက်စတာကျွန်း၊ အာဖရိကတိုက်နှင့် အရှေ့တိုင်းနိုင်ငံ တို့၏ ကမ်းခြေများတွင် တွေ့ရလေသည်။ အစိမ်းလိုက် တွေ့ရသော ငါးကြီးအန်ဖတ်များတွင် မနှစ်မြို့ဖွယ်ကောင်းသော အနံ့ ရှိ၏။ ငါးကြီးအန်ဖတ်ကို အယ်လ်ကိုဟောနှင့် အငွေ့ပျံဆီများ တွင် ဖျော်၍ အမွှေးအကြိုင်များတွင် အနည်းငယ်ထည့်ပြီး အသုံးပြုကြသေးသည်။ အချို့နိုင်ငံများတွင် အစားအစာကို မွှေးကြိုင်အောင် ငါးကြီးအန်ဖတ် အကျဉ်းထည့်၍ သုံးဆောင် တတ်ကြသည်။ ငါးကြီးအန်ဖတ်သည် အလွန်အဖိုးတန်၏။ တစ်ခါက ပေါင် ၂၆၀ ရှိသော ငါးကြီးအန်ဖတ်ကို ရွှေဒင်္ဂါး ပေါင် ၆၆၀၀၀ ပေး၍ ပြင်သစ်ရေမွှေးကုမ္ပဏီ တစ်ခုက ဝယ်ယူခဲ့ဘူးသည်။

[၁]

# ဇင်းကြောလိပ်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

**ဇင်းကြောလိပ်**



**သဘာဝထိန်းသိမ်းခြင်း အခြေအနေ**



| | |
|---|---|
| Critically Endangered (IUCN 3.1) | |
| **မျိုးရိုးခွဲခြားခြင်း** | |
| လောက: | Animalia |
| မျိုးပေါင်းစု: | Chordata |
| မျိုးပေါင်း: | Sauropsida |
| မျိုးစဉ်: | Testudines |
| မျိုးစဉ်သေး: | Cryptodira |
| Superfamily: | Chelonioidea |
| မျိုးရင်း: | **Dermochelyidae**<br><br>Fitzinger, 1843 |
| မျိုးစု: | ***Dermochelys***<br><br>Blainville, 1816[၁] |
| မျိုးစိတ်: | ***D. coriacea*** |
| **ဒွိနာမ** | |
| ***Dermochelys coriacea***<br>(Vandelli, 1761) | |
| **Synonyms** | |
| *Testudo coriacea* Vandelli, 1761 | |

## ဇင်းကြောလိပ်[ပြင်ဆင်ရန်]

ဇင်းကြောလိပ်သည် ပင်လယ်လိပ် အမျိုးအစား ဖြစ်သည်။

# တိရစ္ဆာန်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

ဤarticle သည် **မပြီးစီးသေးပါ**။ ကျေးဇူးပြု၍ အကြောင်းအရာ ပိုမိုပြည့်စုံလာစေရန်အတွက် ဆက်လက်ရေးသားနိုင်သည် သို့မဟုတ် ဆွေးနွေးချက်စာမျက်နှာ တွင် ဝင်ရောက်ဆွေးနွေးနိုင်သည်။

ဤဆောင်းပါးကို *သတ္တဝါ* နှင့် ပေါင်းစပ်ရန် အကြံပြုထားပါသည်။ (ဆွေးနွေးရန်)

ဝစ်ရှင်နရီ၊ အခမဲ့အဘိဓာန်တွင် ***တိရစ္ဆာန်*** ကို ရှာဖွေကြည့်ရှုပါ။



လက်ယာရစ် အပေါ်ဘယ်ဘယ်ပိုင်း ကစ - *Loligo vulgaris* (a mollusk)၊ *Chrysaora quinquecirrha* (a cnidarian)၊ *Aphthona flava* (an arthropod)၊ *Eunereis longissima* (an annelid) နှင့် *Panthera tigris* (a chordate).

**တိရစ္ဆာန်**သည် ဒိုမိန်း ယူကာရိုတာအုပ်စုကြီး၏အောက်တွင် ရှိသည်။ တိရစ္ဆာန်လောကဟု သိရာ၏။ ဒိုမိန်း ယူကာရိုတာအောက်တွင် ၎င်းအပါအဝင် နောက်ထပ် လောက သုံးခု ရှိ၏။ ၎င်းတို့မှာ (၁) ပရိုတစ္စတာ လောက(၂) အပင် လောက (၃) မှို လောက ဟူ၍ မှတ်သားရသည်။

**မာတိကာ**


- ၁ဝေါဟာရ ဖြစ်ပေါ် ပုံ
- ၂အရည်
- ၃မူလ
- ၄တိရစ္ဆာန်မျိုးစုများ
  - ၄.၁Deuterostomes
  - ၄.၂Ecdysozoa
  - ၄.၃Platyzoa
  - ၄.၄Lophotrochozoa
- ၅ကိုးကား


## ဝေါဟာရ ဖြစ်ပေါ် ပုံ[ပြင်ဆင်ရန်]

တိရစ္ဆာန်သည် ပါဠိသဒ္ဒါဖြစ်သည်။ အင်္ဂလိပ်အမည် "animal" သည် လက်တင်သဒ္ဒါ *animale* (ပင့်သက်အရှင်) မှ ဆင်းသက်လာသည်။ ဇီဝဗေဒတွင် အသုံးပြုသော သဒ္ဒါသည် လောက (Kingdom) ကိုညွှန်းသည်။

အချို့နိုင်ငံဒေသများ၌ သိပ္ပံနည်း မကျသော အသုံးအနှုန်းများကို ကိုင်စွဲကာ တိရစ္ဆာန်ဟူသော ဝေါဟာရမှ လူသားများကို ဖယ်ထုတ်ထားသည်။ အနှီသူတို့ ဆိုလိုသည်မှာ တိရစ္ဆာန် လောကတွင် လူသားမဟုတ်သော တိရစ္ဆာန်များ ပါဝင်ကာ လူသားနှင့် လွန်စွာ နီးစပ်သော အခြားနို့တိုက်သတ္တဝါများနှင့် ကျောရိုးရှိတိရစ္ဆာန်များကိုမူ ချင်းချက် မရှိ ထည့်သွင်းထား၏။ (In everyday non-scientific usage the word excludes humans – that is, "animal" is often used to refer only to non-human members of the kingdom Animalia; often, only closer relatives of humans such as mammals, or mammals and other vertebrates, are meant.)[၁]

တိရစ္ဆာန်ဟူသော ဝေါဟာရကို ဇီဝဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်၌ ရေမြှုပ်ကောင်များ၊ ပင်လယ်ခူ၊ အင်းဆက်များ နှင့် **လူသားများ**အထိ လွှမ်းခြုံထားသော တိရစ္ဆာန် လောကအတွင်းရှိ အဖွဲ့ဝင်အားလုံးကို ဆိုလိုသည်ဟု ဖွင့်ဆို၏။ (The biological definition of the word refers to all members of the kingdom Animalia, encompassing creatures as diverse as sponges, jellyfish, insects, and humans.) [၂]

## အရည်[ပြင်ဆင်ရန်]

## မူလ[ပြင်ဆင်ရန်]

Вы сошли с ума.

## တိရစ္ဆာန်မျိုးစုများ[ပြင်ဆင်ရန်]

### Deuterostomes[ပြင်ဆင်ရန်]

Deuterostomes ဒုတိယအပေါက် ပါရှိသော တိရစ္ဆာန်များတွင် အဓိကအားဖြင့် ပါဝင်လျှက်ရှိသော Phylum များမှာ Echinoderm (ပင်လယ်မျှော့နှင့် ကြယ်ငါး) နှင့် ကျောရိုးရှိ တိရစ္ဆာန်များ (Chordata) ဟူ၍ နှစ်မျိုးခွဲထားသည်။ ကျောရိုးရှိ တိရစ္ဆာန်များတွင် ငါး၊ ကုန်းနေရေနေသတ္တဝါ၊ တွားသွားသတ္တဝါ၊ ငှက်နှင့် နို့တိုက်သတ္တဝါများပါသည်။

# တိရစ္ဆာန်စရိုက်

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

တိရစ္ဆာန်တို့၏ စရိုက်ကို ဆင်ခြင်ကြည့်သော်၊ တိရစ္ဆာန် တို့သည် လူတို့ပြုမူကျင့်ကြံကြသကဲ့သို့ ပြုမူကျင့်ကြံကြလေ သလောဟူ၍ တွေးထင်စရာအကြောင်းများကို တွေ့ရ၏။ တိရစ္ဆာန်တို့သည် နောင်ရေးကို မြော်တတ်သည့် လက္ခဏာရှိ သည်။ ယင်းတို့အဖို့ သက်သာရာ သက်သာကြောင်းကို ရှာ တတ်ကြသည်။ သတိရှိကြသည်။ အစုအဝေးနှင့်နေလျှင် အင် အားရှိသည်ကို သိကြသည်။ မိုးဥတုအတွက်အစာကို သိုလှောင် ထားတတ်ကြသည်။ အချိန်မလင့်မီ အပျက်ကို ပြုပြင်တတ်ကြ သည်။ အရာခပ်သိမ်းသည် ကာလံဒေသံအလိုက် ဖြစ်ပျက်တတ် သည့် သဘောကိုလည်း နားလည်ကြဟန်တူသည်။

အရိုးဆုံး တိရစ္ဆာန်ဖြစ်သည့် ပင့်ကူကိုကြည့်ပါ။ ပင့်ကူ သည် အင်ဂျင်နီယာကဲ့သို့ ပင့်ကူအိမ်ကို ဖွဲ့တတ်သည်။ သွား ရန်လမ်းကို တစ်မျိုးလုပ်၍၊ ပိုးကောင်ဖမ်းရန် ထောင်ချောက် နေရာကို တစ်မျိုးလုပ်တတ်သည်။ ပရွက်ဆိတ်ကို ကြည့်ပါဦး။ ပရွက်ဆိတ်တို့သည် နှင်းဆီပင်ကိုစားသည့် ပိုးကောင်များကို ဖမ်းဆီးကြသည်။ ထိုပိုးကောင်များကို မွေးမြူထားပြီးလျှင်၊ ယင်းတို့မှရသော နို့ရေကို မှီဝဲကြသည်။ ပျဉများကို မျိုးပွား အောင် ကာကွယ်ပေးကြသည်။ ပိုးကောင်ကလေးများပေါက်လာ သောအခါ၊ ထိုပိုးကောင်ကလေးများကို အစာရှိရာသို့ခေါ်ဆောင် သွားကြသည်။ အစာဝကြသောအခါ ပြန်ခေါ်လာ၍ထိန်းကျောင်း ထားကြပြန်သည်။

လူတို့၌ တာတမံဖို့သော ခလေ့မပေါ်ပေါက်သေးမီ ရှေး ပဝေဏီကပင် ဗီဗာဖျံတို့သည် တာတမံဆောက် လုပ်ခဲ့ကြသည်။ ဗီဗာဖျံတို့သည် ချောင်းများကိုဖြတ်၍ တမံဆည်ကာ ရေတံခါး ငယ်များကိုပြုလုပ်ခဲ့ကြသည်။ ထိုတမံ၌ ခိုအောင်းနေထိုင်ရန် အိမ်ကိုလည်းကောင်း၊ ဆောင်းဥတုအတွင်း အစာများသိုလှောင်ရန်ကျီကို လည်းကာင်းဆောက်လုပ်ထားကြသည်။ ရေခဲသောအခါ အစာယူသွင်း နိုင်ရန် ရေတံခါးပေါက်ကိုလည်း ဖောက်လုပ်ထားကြသည်။

ပျားတို့သည် အဲ့ဖွယ်ကောင်းလောက်အောင် စည်းရုံးမှုရှိကြ သည်။ လုံ့လကြီးစွာနှင့် အသိုက်အအုံ တည်ဆောက်ကြ၏။ အစာသိုလှောင်ကြ၏။ စည်းကမ်းကို လိုက်နာကြ၍၊ စည်းကမ်း ပျက်သူများအား အပြစ်ဒဏ်ပေးကြ၏။ အသိုက်အအုံကို ချစ်ခင် သော စိတ်သည် လူတို့မျှော်မှန်း၍ မရနိုင်လောက်အောင်ပင် ပျားတို့၌ ရှိလေသည်။

ဤအံ့သြဖွယ် တိရစ္ဆာန်စရိုက်ကို ဇာတိစိတ်ဟုခေါ်သည်။ ခွေးသည် တော၌ လမ်းပျောက်သောအခါ၊ ဇာတိစိတ်ကိုသုံး လျက်၊ ခရီးဝေးကွာရာမှ အိမ်သို့ပြန်လာနိုင်သည်။ ပင့်ကူ၊ ပရွက်ဆိတ်၊ ဗီဗာဖျံ၊ ပျားနှင့် ခွေးတို့သည် လူသားများနှင့် မတူဘဲ၊ ကျိုးကြောင်းဆင်ခြင်တတ်ပုံ မရပေ။ သို့သော် ယင်း တို့၏ အတွေ့အကြုံ အားဖြင့်သော်လည်းကောင်း၊ ရိုးရာ အတွေ့အကြုံ အားဖြင့်သော်လည်းကောင်း ယင်းတို့အား အကျိုးဖြစ်ထွန်းစေမည့်အချက် တို့ကို ဇာတိစိတ်ဖြင့် သိကြသည်။

ဥမှပေါက်လာသော မိကျောင်းသည် ချောင်းကိုရှာ၍ ဆင်း သည်။ ဖားကိုရေမှဖမ်းယူ၍ ဝေးရာ၌လွှတ်လိုက်လျှင် ရေထဲသို့ ပင်ပြန်လာသည်။ ပင်လယ်၌ မကြီးနိုင်သော ငါးရှည့်ငယ်သည် ဒီထသောချောင်းကို စွန့်၍ မြစ်ညာသို့ဆန်တက်၏။ ဥအုရန် အချိန်တန်သောအခါမှာမှ ပင်လယ်သို့ဆင်းလာသည်။ ခွံမာသတ္တဝါဖြစ်သော ခရင်းကောင်၌ မျက်စိမရှိပေ။

သို့ရာတွင် ခရင်းကောင်သည် ကျောက်တွင်ရှိသော မိမိနေရာကို မှတ်မိ၏။ ရေပြည့်သောအခါ ထွက်၍အစာရှာ၏။ ထိုနောက် နေရာရင်းသို့ပြန်လာတတ်သည်။ အင်္ဂလန်ပြည်ရှိ တောင်ထိပ် တစ်ခု၌ ပေါက်ပွားသော နိုက်တင်းဂေးငှက်သည် အာဖရိက တိုက်သို့ရောက်အောင် ပျံသွားတတ်သော်လည်း၊ အချိန်တန်လျှင် ထိုငှက်သည် မူလနေရာမှန်သို့ ပြန်လာနိုင်သည်မှာ ဇာတိစိတ် ကြောင့်ပင်ဖြစ်ပေမည်။ ခိုတစ်ကောင်သည် ရောမမြို့မှ အင်္ဂလန် ပြည်ရှိ နေရင်းအရပ်သို့အရောက် ခရီးမိုင်ပေါင်း ၁၀၀၀ ကို တစ်လကြာမျှ ပျံသန်းခဲ့ဘူး၏။ လမ်းခရီးတွင် တောင်တန်း တစ်တန်းနှင့် မိုင် ၂၀ ရှိသော ပင်လယ်ကိုကျော်ဖြတ်ခဲ့ရလေသည်။ မြင်းသည် မျက်စိလည်လမ်းမှားသော သခင်ကို ညအချိန် ၌ အိမ်သို့ပြန်ပို့နိုင်၏။ မြင်းသည် သခင်၏အလောင်းကို သယ် ဆောင်လျက် အသွားအလာရှုပ်သော မြို့ကြီးကိုဖြတ်ကာ အရောက်ပြန်လာနိုင်၏။ ကြောင်ကို သေတ္တာတွင်ထည့်ယူသွား ၍၊ မိုင် ၁၀၀ ခရီး၌ လွှတ်လိုက်လျှင်၊ ထိုကြောင်သည် နေရပ် ဟောင်းသို့ ပြန်လာတတ်သည်။ စိန်ဗားနတ်ခွေးမျိုးသည် နှင်း ထဲတွင်နစ်နေသော ခရီးသည်ကို ဖော်ယူပြီးလျှင် အကူအညီကို ခေါ်ပေးတတ်သည်။

နယူးဇီလန်ကျွန်းရှိ ဘေးအန္တရာယ်များသော ပင်လိုရပ် ရေလက်ကြားရှည်တွင် လင်းပိုင်တစ်ကောင်သည် သင်္ဘောများ ကို အနှစ် ၂၀ ကြာမျှ လမ်းပြခဲ့ဘူးသည်။ ရေလက်ကြားရှည် အတွင်းသို့ သင်္ဘောဝင်လာလျှင် ထိုလင်းပိုင်သည် ခိုအောင်း နေရာမှ ရုတ်ခြည်းထွက်လာသည်။ ထိုနောက် သင်္ဘောရှေ့မှ နေ၍ မှန်မှန်ကူးကာ လမ်းပြသွား၏။ ဘေးကင်းသော နေရာ သို့ရောက်မှ ရေအောက်တွင် ပျောက်သွားတော့သည်။

ပါမောက္ခ ရိုမန်နီ၌ အမည်ကို ခေါ်လိုက်လျှင် ထူးတတ် သော ဖားတစ်ကောင်ရှိခဲ့ဘူးသည်။ ဆာဂျိုးဇက်ဗင့်သည် ခေါင်း လောင်းထိုးသောအခါ၊ ထိုခေါင်းလောင်း ထိုးရာသို့လာကြသော ငါးများလည်းရှိသည်။ အင်္ဂလန်ပြည် ဆဲလဗုန်းမြို့အနီး၌ လိပ် တစ်ကောင်သည် အစာကျွေးသည့် မိန်းမကြီးထံ နံနက်တိုင်း သွားတတ်သည်။ ကြောင်ကိုချစ်ခင်သော မိကျောင်းလည်းရှိ သည်။ မြွေတစ်ကောင်သည် သခင်နှင့်ခွဲနေရသောအခါ နွမ်း နေတတ်ပြီးလျှင် သခင်ပြန်လာသောအခါ မြူးတူးနေတတ် ကြောင်း အမှတ်အသားများရှိသည်။ မြင်းနှင့်ခွေးတို့ ချစ်ကျွမ်း ဝင်ပုံကိုပင် ကြားသိဘူးကြပေလိမ့်မည်။

တောင်အာဖရိကတိုက် မက်တာဗီလီလန်နယ်ရှိ ကျွဲများ သည် မူလက နေ့တွင်သာ အစာရှာခဲ့ကြသည်။ တခါသော် ထိုကျွဲမျိုး၌ ပလိပ်ရောဂါ ကျရောက်ခဲ့၏။ ထိုအချိန်မှစ၍ ထိုကျွဲတို့သည် နဂိုဓလေ့ကိုပြောင်းလိုက် ကြပြီး၊ နေ့အခါတွင် အစာမရှာဘဲ၊ ညအခါ၌သာ အစာရှာကြ၏။ ဤသည်ကို ထောက်ရှုသော်၊ ယင်းကျွဲတို့သည် ပလိပ်ရောဂါပိုးကို သယ်ဆောင်သော စက်စီယင်တို့၏ နေ့အခါပျံသန်းတတ်၍ ညအခါ မပျံတတ်ပုံကို သိလေသလောဟု တွေးတောဖွယ်ဖြစ်၏။

အချို့တိရစ္ဆာန်တို့သည် နောင်ရေးအတွက် ပူပန်၍ အစာ ကို သိုလှောင်ထားတတ်ကြသည်။ ငှက်ဘီလူးသည် အစာဖြစ် သော သားကောင်ကို ဆူးတောခွ၌ထား၍၊ စားလိုသည့်အခါမှ လာ၍ စားတတ်သည်။ ရှဉ့်၊ ဗွတ်ကုလားနှင့် သစ်တောက်ငှက် တို့သည်လည်း နောင်ရေးအတွက် အစာကို သိုလှောင်တတ်ကြ သည်။ အမေရိကန်ရှိ မြီးသံပေးမြွေများသည် သင်းဖွဲ့၍ ထွေး နွေးစွာ ဆောင်းခိုတတ်ကြသည်။ သို့သော် အစာရှာဖွေချိန် ကျ ရောက်သောအခါ သင်းခွဲလိုက်တတ်သည်။ သင်းဖွဲ့၍နေက အစာမလုံလောက်မည်ကို စိုးသောကြောင့် သင်းခွဲလိုက်ဟန်တူ သည်။

တိရစ္ဆာန်လောကတွင် အချို့တိရစ္ဆာန်တို့ သားငယ်များကို စောင့်ရှောက်ပုံမှာ စိတ်ဝင်စားစရာကောင်းပေသည်။ မိကျောင်း သည် ဥများကို သဲပူတွင် မြုပ်ထားခဲ့ပြီးနောက်၊ မိကျောင်း ကလေးများ ပေါက်ချိန်တွင် သဲများကို ယက်၍သားငယ်များကို ဖော်ပေးသည်။ နကျယ်ကောင်သည် မိမိအုခဲ့သောဥမှ သားငယ် များမပေါက်မီ သေလေ့ရှိသည်။ သို့သော် နကျယ်ကောင်သည် မပေါက်သေးသော သားငယ်များအတွက် မိမိ မသေမီ ကိုယ် တိုင်အစာကို သိုလှောင်ထားပေးသည်။

ပင်းဝွင်းငှက်သည် ညတာရှည်လျားသော ဒေသတွင် သီတင်းပတ် ပေါင်းများစွာ ဥများကို ခြေထောက်ဖြင့်ညပ်လျက် ထွေးနွေးစွာ ထားတတ်သည်။

သိပ္ပံပညာရှင်တို့သည် တိရစ္ဆာန်စရိုက်များကို စနစ်တကျ လေ့လာနိုင်ရန် အားထုတ်လျက်ရှိကြသည်။ အနိမ့်တန်းစား သတ္တဝါများ၌ အလင်း၊ အပူ၊ အတွေ့ အထိစသော ပြင်ပအာရုံ ခံစားလိုစိတ်များရှိကြောင်းကို လေ့လာကြ၏။ ပိုးဖလံတို့သည် မီးရောင်ကို ရွှေတောင်ထင်လျက် တိုးမှားမိသောကြောင့်၊ သေပွဲ ဝင်ကြရကြောင်းကို သိပ္ပံပညာရှင်တို့ သိကြလေသည်။

# တိရစ္ဆာန်စရိုက်

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်](#) [ရှာဖွေရန် ခုန်ကူးမည်](#)

တိရစ္ဆာန်တို့၏ စရိုက်ကို ဆင်ခြင်ကြည့်သော်၊ တိရစ္ဆာန် တို့သည် လူတို့ပြုမူကျင့်ကြံကြသကဲ့သို့ ပြုမူကျင့်ကြံကြလေ သလောဟူ၍ တွေးထင်စရာအကြောင်းများကို တွေ့ရ၏။ တိရစ္ဆာန်တို့သည် နောင်ရေးကို မြော်တတ်သည့် လက္ခဏာရှိ သည်။ ယင်းတို့အဖို့ သက်သာရာ သက်သာကြောင်းကို ရှာ တတ်ကြသည်။ သတိရှိကြသည်။ အစုအဝေးနှင့်နေလျှင် အင် အားရှိသည်ကို သိကြသည်။ မိုးဥတုအတွက်အစာကို သိုလှောင် ထားတတ်ကြသည်။ အချိန်မလင့်မီ အပျက်ကို ပြုပြင်တတ်ကြ သည်။ အရာခပ်သိမ်းသည် ကာလံဒေသံအလိုက် ဖြစ်ပျက်တတ် သည့် သဘောကိုလည်း နားလည်ကြဟန်တူသည်။

အရိုးဆုံး တိရစ္ဆာန်ဖြစ်သည့် ပင့်ကူကိုကြည့်ပါ။ ပင့်ကူ သည် အင်ဂျင်နီယာကဲ့သို့ ပင့်ကူအိမ်ကို ဖွဲ့တတ်သည်။ သွား ရန်လမ်းကို တစ်မျိုးလုပ်၍၊ ပိုးကောင်ဖမ်းရန် ထောင်ချောက် နေရာကို တစ်မျိုးလုပ်တတ်သည်။ ပရွက်ဆိတ်ကို ကြည့်ပါဦး။ ပရွက်ဆိတ်တို့သည် နှင်းဆီပင်ကိုစားသည့် ပျကောင်များကို ဖမ်းဆီးကြသည်။ ထိုပျကောင်များကို မွေးမြူထားပြီးလျှင်၊ ယင်းတို့မှရသော နို့ရေကို မှီဝဲကြသည်။ ပျဥများကို မျိုးပွား အောင် ကာကွယ်ပေးကြသည်။ ပျကောင်ကလေးများပေါက်လာ သောအခါ၊ ထိုပျကောင်ကလေးများကို အစာရှိရာသို့ခေါ်ဆောင် သွားကြသည်။ အစာဝကြသောအခါ ပြန်ခေါ်လာ၍ထိန်းကျောင်း ထားကြပြန်သည်။

လူတို့၌ တာတမံဖို့သော ဓလေ့မပေါ်ပေါက်သေးမီ ရှေး ပဝေဏီကပင် ဗီဗာဖျံတို့သည် တာတမံဆောက် လုပ်ခဲ့ကြသည်။ ဗီဗာဖျံတို့သည် ချောင်းများကိုဖြတ်၍ တမံဆည်ကာ ရေတံခါး ငယ်များကိုပြုလုပ်ခဲ့ကြသည်။ ထိုတမံ၌ ခိုအောင်းနေထိုင်ရန် အိမ်ကိုလည်းကောင်း၊ ဆောင်းဥတုအတွင်း အစာများသိုလှောင်ရန်ကျီကို လည်းကောင်းဆောက်လုပ်ထားကြသည်။ ရေခဲသောအခါ အစာယူသွင်း နိုင်ရန် ရေတံခါးပေါက်ကိုလည်း ဖောက်လုပ်ထားကြသည်။

ပျားတို့သည် အံ့ဖွယ်ကောင်းလောက်အောင် စည်းရုံးမှုရှိကြ သည်။ လုံ့လကြီးစွာနှင့် အသိုက်အအုံ တည်ဆောက်ကြ၏။ အစာသိုလှောင်ကြ၏။ စည်းကမ်းကို လိုက်နာကြ၍၊ စည်းကမ်း ပျက်သူများအား အပြစ်ဒဏ်ပေးကြ၏။ အသိုက်အအုံကို ချစ်ခင် သော စိတ်သည် လူတို့မျှော်မှန်း၍ မရနိုင်လောက်အောင်ပင် ပျားတို့၌ ရှိလေသည်။

ဤအံ့ဩဖွယ် တိရစ္ဆာန်စရိုက်ကို ဇာတိစိတ်ဟုခေါ်သည်။ ခွေးသည် တောသို့ လမ်းပျောက်သောအခါ၊ ဇာတိစိတ်ကိုသုံး လျက်၊ ခရီးဝေးကွာရာမှ အိမ်သို့ပြန်လာနိုင်သည်။ ပင့်ကူ၊ ပရွက်ဆိတ်၊ ဗီဇာဖုံ၊ ပျားနှင့် ခွေးတို့သည် လူသားများနှင့် မတူဘဲ၊ ကျိုးကြောင်းဆင်ခြင်တတ်ပုံ မရပေ။ သို့သော် ယင်း တို့၏ အတွေ့အကြုံ အားဖြင့်သော်လည်းကောင်း၊ ရိုးရာ အတွေ့အကြုံ အားဖြင့်သော်လည်းကောင်း ယင်းတို့အား အကျိုးဖြစ်ထွန်းစေမည့်အချက် တို့ကို ဇာတိစိတ်ဖြင့် သိကြသည်။

ဥမှပေါက်လာသော မိကျောင်းသည် ချောင်းကိုရှာ၍ ဆင်း သည်။ ဖားကိုရေမှဖမ်းယူ၍ ဝေးရာ၌လွှတ်လိုက်လျှင် ရေထဲသို့ ပင်ပြန်လာသည်။ ပင်လယ်၌ မကြီးနိုင်သော ငါးရှည့်ငယ်သည် ဒီထသောချောင်းကို စွန့်၍ မြစ်ညာသို့ဆန်တက်၏။ ဥအုရန် အချိန်တန်သောအခါမှာမှ ပင်လယ်သို့ဆင်းလာသည်။ ခွံမာသတ္တဝါဖြစ်သော ခရင်းကောင်၌ မျက်စိမရှိပေ။

သို့ရာတွင် ခရင်းကောင်သည် ကျောက်တွင်ရှိသော မိမိနေရာကို မှတ်မိ၏။ ရေပြည့်သောအခါ ထွက်၍အစာရှာ၏။ ထိုနောက် နေရာရင်းသို့ပြန်လာတတ်သည်။ အင်္ဂလန်ပြည်ရှိ တောင်ထိပ် တစ်ခု၌ ပေါက်ပွားသော နိုက်တင်းဂေးငှက်သည် အာဖရိက တိုက်သို့ရောက်အောင် ပျံသွားတတ်သော်လည်း၊ အချိန်တန်လျှင် ထိုငှက်သည် မူလနေရာမှန်သို့ ပြန်လာနိုင်သည်မှာ ဇာတိစိတ် ကြောင့်ပင်ဖြစ်ပေမည်။ ခိုတစ်ကောင်သည် ရောမမြို့မှ အင်္ဂလန် ပြည်ရှိ နေရင်းအရပ်သို့အရောက် ခရီးမိုင်ပေါင်း ၁၀၀၀ ကို တစ်လကြာမျှ ပျံသန်းခဲ့ဘူး၏။ လမ်းခရီးတွင် တောင်တန်း တစ်တန်းနှင့် မိုင် ၂၀ ရှိသော ပင်လယ်ကိုကျော်ဖြတ်ခဲ့ရလေသည်။ မြင်းသည် မျက်စိလည်လမ်းမှားသော သခင်ကို ညအချိန် ၌ အိမ်သို့ပြန်ပို့နိုင်၏။ မြင်းသည် သခင်၏အလောင်းကို သယ် ဆောင်လျက် အသွားအလာရှုပ်သော မြို့ကြီးကိုဖြတ်ကာ အရောက်ပြန်လာနိုင်၏။ ကြောင်ကို သေတ္တာတွင်ထည့်ယူသွား ၍၊ မိုင် ၁၀၀ ခရီး၌ လွှတ်လိုက်လျှင်၊ ထိုကြောင်သည် နေရပ် ဟောင်းသို့ ပြန်လာတတ်သည်။ စိန်ဗားနတ်ခွေးမျိုးသည် နှင်း ထဲတွင်နစ်နေသော ခရီးသည်ကို ဖော်ယူပြီးလျှင် အကူအညီကို ခေါ်ပေးတတ်သည်။

နယူးဇီလန်ကျွန်းရှိ ဘေးအန္တရာယ်များသော ပင်လိုရပ် ရေလက်ကြားရှည်တွင် လင်းပိုင်တစ်ကောင်သည် သင်္ဘောများ ကို အနှစ် ၂၀ ကြာမျှ လမ်းပြခဲ့ဘူးသည်။ ရေလက်ကြားရှည် အတွင်းသို့ သင်္ဘောဝင်လာလျှင် ထိုလင်းပိုင်သည် ခိုအောင်း နေရာမှ ရုတ်ခြည်းထွက်လာသည်။ ထိုနောက် သင်္ဘောရှေ့မှ နေ၍ မှန်မှန်ကူးကာ လမ်းပြသွား၏။ ဘေးကင်းသော နေရာ သို့ရောက်မှ ရေအောက်တွင် ပျောက်သွားတော့သည်။

ပါမောက္ခ ရိုမန်နီ၌ အမည်ကို ခေါ်လိုက်လျှင် ထူးတတ် သော ဖားတစ်ကောင်ရှိခဲ့ဘူးသည်။ ဆာဂျိုးဇက်ဗင့်သည် ခေါင်း လောင်းထိုးသောအခါ၊ ထိုခေါင်းလောင်း ထိုးရာသို့လာကြသော ငါးများလည်းရှိသည်။ အင်္ဂလန်ပြည် ဆဲလဗုန်းမြို့အနီး၌ လိပ် တစ်ကောင်သည် အစာကျွေးသည့် မိန်းမကြီးထံ နံနက်တိုင်း သွားတတ်သည်။ ကြောင်ကိုချစ်ခင်သော မိကျောင်းလည်းရှိ သည်။ မြွေတစ်ကောင်သည် သခင်နှင့်ခွဲနေရသောအခါ နွမ်း နေတတ်ပြီးလျှင် သခင်ပြန်လာသောအခါ မြူးတူးနေတတ် ကြောင်း အမှတ်အသားများရှိသည်။ မြင်းနှင့်ခွေးတို့ ချစ်ကျွမ်း ဝင်ပုံကိုပင် ကြားသိဘူးကြပေလိမ့်မည်။

တောင်အာဖရိကတိုက် မက်တာဗီလီလန်နယ်ရှိ ကျွဲများ သည် မူလက နေ့တွင်သာ အစာရှာခဲ့ကြသည်။ တခါသော် ထိုကျွဲမျိုး၌ ပလိပ်ရောဂါ ကျရောက်ခဲ့၏။ ထိုအချိန်မှစ၍ ထိုကျွဲတို့သည် နဂိုဝလေ့ကိုပြောင်းလိုက် ကြပြီး၊ နေ့အခါတွင် အစာမရှာဘဲ၊ ညအခါ၌သာ အစာရှာကြ၏။ ဤသည်ကို ထောက်ရှုသော်၊ ယင်းကျွဲတို့သည် ပလိပ်ရောဂါပိုးကို သယ်ဆောင်သော စက်စီယင်တို့၏ နေ့အခါပျံသန်းတတ်၍ ညအခါ မပျံတတ်ပုံကို သိလေသလောဟု တွေးတောဖွယ်ဖြစ်၏။

အချို့တိရစ္ဆာန်တို့သည် နောင်ရေးအတွက် ပူပန်၍ အစာ ကို သိုလှောင်ထားတတ်ကြသည်။ ငှက်ဘီလူးသည် အစာဖြစ် သော သားကောင်ကို ဆူးတော၌ထား၍၊ စားလိုသည့်အခါမှ လာ၍ စားတတ်သည်။ ရှဉ့်၊ ဗွတ်ကုလားနှင့် သစ်တောက်ငှက် တို့သည်လည်း နောင်ရေးအတွက် အစာကို သိုလှောင်တတ်ကြ သည်။ အမေရိကန်ရှိ မြီသံပေးမြွေများသည် သင်းဖွဲ့၍ ထွေး နွေးစွာ ဆောင်းခိုတတ်ကြသည်။ သို့သော် အစာရှာဖွေချိန် ကျ ရောက်သောအခါ သင်းခွဲလိုက်တတ်သည်။ သင်းဖွဲ့၍နေက အစာမလုံလောက်မည်ကို စိုးသောကြောင့် သင်းခွဲလိုက်ဟန်တူ သည်။

တိရစ္ဆာန်လောကတွင် အချို့တိရစ္ဆာန်တို့ သားငယ်များကို စောင့်ရှောက်ပုံမှာ စိတ်ဝင်စားစရာကောင်းပေသည်။ မိကျောင်း သည် ဥများကို သဲပူတွင် မြုပ်ထားခဲ့ပြီးနောက်၊ မိကျောင်း ကလေးများ ပေါက်ချိန်တွင် သဲများကို ယက်၍သားငယ်များကို ဖော်ပေးသည်။ နကျယ်ကောင်သည် မိမိအုခဲ့သောဥမှ သားငယ် များမပေါက်မီ သေလေ့ရှိသည်။ သို့သော် နကျယ်ကောင်သည် မပေါက်သေးသော သားငယ်များအတွက် မိမိ မသေမီ ကိုယ် တိုင်အစာကို သိုလှောင်ထားပေးသည်။ ပင်းဂွင်းငှက်သည် ညတာရှည်လျားသော ဒေသတွင် သီတင်းပတ် ပေါင်းများစွာ ဥများကို ခြေထောက်ဖြင့်ညပ်လျက် ထွေးနွေးစွာ ထားတတ်သည်။

သိပ္ပံပညာရှင်တို့သည် တိရစ္ဆာန်စရိုက်များကို စနစ်တကျ လေ့လာနိုင်ရန် အားထုတ်လျက်ရှိကြသည်။ အနိမ့်တန်းစား သတ္တဝါများ၌ အလင်း၊ အပူ၊ အတွေ့ အထိစသော ပြင်ပအာရုံ ခံစားလိုစိတ်များရှိကြောင်းကို လေ့လာကြ၏။ ပိုးဖလံတို့သည် မီးရောင်ကို ရှေ့တောင်ထင်လျက် တိုးမှားမိသောကြောင့်၊ သေပွဲ ဝင်ကြရကြောင်းကို သိပ္ပံပညာရှင်တို့ သိကြလေသည်။

# မျိုးစဉ်

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်]




ဇီဝဗေဒဆိုင်ရာ မျိုးရိုးခွဲခြားခြင်း၌ အဓိကအဆင့်ကြီး (taxonomic ranks) ၈-ခု ရှိသည်။ မျိုးပေါင်း (class) တစ်ခု၏အောက်တွင် မျိုးစဉ် (Order) တစ်ခုဖြစ်စေ၊ အများဖြစ်စေ ရှိသည်။ အခြားအဆင့်ခွဲငယ်များကို ဤနေရာတွင် မပြပါ။

သတ္တလောကရှိ တိရစ္ဆာန်များအား အမျိုးတူသော အုပ်စုများ ခွဲခြားထားခြင်းကို မျိုးပေါင်း (Class)ဟု ခေါ်သည်။

- မျိုးပေါင်း၏ အောက်တွင် **မျိုးစဉ် (Order)** ရှိသည်။
- မျိုးစဉ်၏အောက်တွင် မျိုးရင်း (Family) ရှိသည်။

# မျိုးစိတ်

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်]




ဇီဝဗေဒဆိုင်ရာ မျိုးရိုးခွဲခြားခြင်း၌ အဓိကအဆင့်ကြီး (taxonomic ranks) ၈-ခု ရှိသည်။ မျိုးစု (Genus) တစ်ခု၏အောက်တွင် မျိုးစိတ် (Species) တစ်ခုဖြစ်စေ၊ အများဖြစ်စေ ရှိသည်။ အခြားအဆင့်ခွဲငယ်များကို ဤနေရာတွင် မပြပါ။

သတ္တလောကရှိ တိရစ္ဆာန်များအား အမျိုးတူသော အုပ်စုများ ခွဲခြားထားခြင်းကို မျိုးပေါင်း (Class)ဟု ခေါ်သည်။

- မျိုးပေါင်း၏ အောက်တွင် မျိုးစဉ် (Order) ရှိသည်။
- မျိုးစဉ်၏အောက်တွင် မျိုးရင်း (Family) ရှိသည်။
- မျိုးရင်း၏အောက်တွင် မျိုးစု (Genus) ရှိသည်။
- မျိုးစု၏အောက်တွင် **မျိုးစိတ် (Species)** ရှိသည်။

# မျိုးစု

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်




ဇီဝဗေဒဆိုင်ရာ မျိုးရိုးခွဲခြားခြင်း၌ အဓိကအဆင့်ကြီး (taxonomic ranks) ၈-ခု ရှိသည်။ မျိုးရင်း (family) တစ်ခု၏အောက်တွင် မျိုးစု (Genus) တစ်ခုဖြစ်စေ၊ အများဖြစ်စေ ရှိသည်။ အခြားအဆင့်ခွဲငယ်များကို ဤနေရာတွင် မပြပါ။

သတ္တလောကရှိ တိရစ္ဆာန်များအား အမျိုးတူသော အုပ်စုများ ခွဲခြားထားခြင်းကို မျိုးပေါင်း (Class)ဟု ခေါ်သည်။

- မျိုးပေါင်း၏ အောက်တွင် မျိုးစဉ် (Order) ရှိသည်။
- မျိုးစဉ်၏အောက်တွင် မျိုးရင်း (Family) ရှိသည်။
- မျိုးရင်း၏အောက်တွင် **မျိုးစု (Genus)** ရှိသည်။

# မျိုးပေါင်း

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်




ဇီဝဗေဒဆိုင်ရာ မျိုးရိုးခွဲခြားခြင်း၌ အဓိကအဆင့်ကြီး (taxonomic ranks) ၈-ခု ရှိသည်။ မျိုးပေါင်းစု (Phylum) တစ်ခု၏အောက်တွင် မျိုးပေါင်း (class) တစ်ခုဖြစ်စေ၊ အများဖြစ်စေ ရှိသည်။ အခြားအဆင့်ခွဲငယ်များကို ဤနေရာတွင် မပြပါ။

သတ္တလောကရှိ တိရစ္ဆာန်များအား အမျိုးတူသော အုပ်စုများ ခွဲခြားထားခြင်းကို မျိုးပေါင်း (Class)ဟု ခေါ်သည်။ မျိုးပေါင်း၏ အောက်တွင် မျိုးစဉ် (Order) ရှိသည်။
တိရစ္ဆာန်များတွင် ငှက်သည် မျိုးပေါင်း တစ်ခု ဖြစ်သည်။

# မျိုးရင်း

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်



ဇီဝဗေဒဆိုင်ရာ မျိုးရိုးခွဲခြားခြင်း၌ အဓိကအဆင့်ကြီး (taxonomic ranks) ၈-ခု ရှိသည်။ မျိုးစဉ် (Order) တစ်ခု၏အောက်တွင် မျိုးရင်း (family) တစ်ခုဖြစ်စေ၊ အများဖြစ်စေ ရှိသည်။ အခြားအဆင့်ခွဲငယ်များကို ဤနေရာတွင် မပြပါ။

သတ္တလောကရှိ တိရစ္ဆာန်များအား အမျိုးတူသော အုပ်စုများ ခွဲခြားထားခြင်းကို မျိုးပေါင်း (Class)ဟု ခေါ်သည်။

- မျိုးပေါင်း၏ အောက်တွင် မျိုးစဉ် (Order) ရှိသည်။
- မျိုးစဉ်၏အောက်တွင် **မျိုးရင်း (Family)** ရှိသည်။

# မြန်မာနိုင်ငံ ကုန်းသတ္တဝါများ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

## မြန်မာနိုင်ငံ ကုန်းသတ္တဝါများ[ပြင်ဆင်ရန်]

ကုန်းသတ္တဝါဆိုသည်မှာ ကုန်းပေါ်တွင် နေထိုင်သော သတ္တဝါများ ဖြစ်သည်။ ကျောရိုးမဲ့သတ္တဝါများအနက် အင်းဆက်ပိုး၊ ပိုးနသန်ကောင်၊ ကင်းခြေများ အစရှိသည်တို့ ပါဝင်သော မီရီအက်ပေါ့များနှင့် ပင့်ကူ၊ ကင်းမြီးကောက် အစရှိသည်တို့ ပါဝင်သော အာရက်နစ်များသည် ကုန်းပေါ်တွင် အများဆုံး တွေ့ရသော ကျောရိုးမဲ့ သတ္တဝါများဖြစ်ကြသည်။

ကျောရိုးရှိသတ္တဝါများအနက် ဆိုပြန်လျှင်ကုန်းနေရေနေ
သတ္တဝါ၊ တွားသွားသတ္တဝါ၊ ငှက်နှင့် နို့တိုက်သတ္တဝါမျိုးသည် ကုန်းသတ္တဝါတွင် အများဆုံး ပါဝင်ကြသည်။ ကုန်းအရပ် ဒေသမှ ဖြာထွက်သော လမ်းအသွယ်သွယ်ရှိသည်။အချို့သော ကုန်းနေသတ္တဝါတို့သည် အစာရှာဖွေရန် သော်လည်းကောင်း၊ ဘေးရန်များမှ အကာအကွယ် ယူရန်သော်လည်းကောင်း၊ မျိုးဆက်ပေါက်ပွားရန်သော်လည်းကောင်း ရေအရပ်ဒေသသို့ ပြန်လည်သွားတက်ကြသည်။ ကုန်းနေရေသတ္တဝါအားလုံးသည် မျိုးဆက်ပေါက်ပွားရန် ရေအရပ်ဒေသသို့ အစဉ်အမြဲ ပြန်လည်သွားရသည်။ တွားသွားသတ္တဝါတို့လည်း ကုန်းသတ္တဝါ စစ်စစ်ဖြစ်သည်။ သို့ရာတွင် အချို့သည် ရေအရပ်ဒေသသို့ အမြဲတမ်း ပြန်လည်သွားရောက် နေထိုက်ကြသည်။

ဤကဲ့သို့ပြန်လည်သွားသော တွားသွား သတ္တဝါတို့တွင် မိကျောင်းများ၊ လိပ်များနှင့် ပင်လယ်မြွေ၊ ရေမြွေ အစရှိသော မြွေအစုငယ်အချို့တို့ပါဝင်ကြသည်။ အင်းဆက်ပိုးတို့နှင့် ငှက်တို့သည် လေထဲတွင် ပျံဝဲသွားလာနိုင်ကြသော သတ္တဝါတို့ဖြစ်ကြသည်။ သို့ရာတွင် မြေပေါ်တွင် များသောအားဖြင့် နေထိုင်ကြသောကြောင့် ယင်းတို့ကို ကုန်းသတ္တဝါများ မဟုတ်ဟု မဆိုနိုင်ပေ။ နို့တိုက်သတ္တဝါတို့အနက် အများစုသည် ကုန်းနေသတ္တဝါများ ဖြစ်ကြသည်။ နို့တိုက်သတ္တဝါ အချို့တို့သည် ရံဖန်ရံခါသော်လည်းကောင်း၊ များသောအားဖြင့် သော်လည်းကောင်း သစ်ပင်ပေါ်တွင် နေထိုင်တက်ကြပြီးလျှင်၊ အချို့တို့သည် ရေထဲတွင် အမြဲတမ်း ပြန်လည် နေထိုင်ကြသည်။

မြန်မာနိုင်ငံတွင် သတ္တဝါ ဦးရေနှင့် အမျိုးအစားပေါများလှသည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏ မြေမျက်နှာပြင်နှင့် ရာသီဥတု အခြေအနေအရဆိုလျှင် ဧရာဝတီ မြစ်တစ်လျှောက်ရှိ မြေပြန့်လွင်ပြင်များ၊ စွတ်စို၍ သစ်တောထူထပ်သော တနင်္သာရီနှင့် ပဲခူးတောင်တန်းများ၊ ခြောက်သွေ့သော အပူပိုင်းဒေသ၊ တောင်ထူထပ်၍ အေးသော မြန်မာနိုင်ငံမြောက်ပိုင်း တောင်ကုန်းဒေသ ၊ရှမ်းကုန်းပြင်မြင့်အစရှိသဖြင့် ဒေသအမျိုးမျိုးရှိသည့်အလျောက် တိရစ္ဆာန်တို့လည်း ထူးခြားစွာ အမျိုးအစား များပြားလှသည်။

မြန်မာနိုင်ငံကို ထင်ရှားသော သတ္တဗေဒဆိုင်ရာ ဒေသကြီးနှစ်ခု ခွဲခြားနိုင်ပေသေးသည်။ ယင်းဒေသတို့မှာ

(၁) သစ်တော်ဖုံးအုပ်လျက်ရှိသော ဟိမဝန္တာ၊ အာသံနှင့် မြန်မာနိုင်ငံမြောက်ပိုင်းမှသည် တောင်ဘက်သို့ မြိတ်အနီးအနားတစ်ဝိုက်အထိ ပါဝင်သည့်ဒေသနှင့်

(၂)မလ္လာယုကျွန်းဆွယ်၏ တစ်စိတ်တစ်ဒေသဖြစ်သော တနင်္သာရီတောင်ပိုင်းပါဝင်သည့် ဒေသတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံရှိ ကုန်းသတ္တဝါများအကြောင်း ရေးသားရာတွင် အင်းဆက်ပိုးတို့နှင့်တစ်ကွ ယင်းသတ္တဝါတို့အပြင် အရေး ကြီးသော ကျောရိုးရှိ ကုန်းသတ္တဝါတို့အကြောင်းကို အတိုချုံး၍ ပြန်လည်ရေးသားတင်ပြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ရေးသားရာတွင် အဆင့်အောက်တန်းကျသော သတ္တဝါငယ်တို့မှ စရပေမည်။

မြန်မာနိုင်ငံသည် အင်းဆက်ပိုးလေ့လာသူတို့ နှံ့စပ်စွာ မလေ့လာရသေးသော အရပ်ဖြစ်သည်။ ပိတုန်း၊ လိပ်ပြာနှင့် ဖျက်ဆီးတတ်သော အင်းဆက်ပိုးအချို့ကိုသာ စုဆောင်းရှာဖွေကာ ရေးသားဖော်ပြထားပြီးဖြစ်သည်။ သို့ရာတွင် အင်းဆက်ပိုး အများစု အကြောင်းကိုမူကား ရေးသားဖော်ပြထားခြင်း မရှိသေးချေ။ ယင်းတို့သည် ကျွန်ုပ်တို့

နိုင်ငံ၏ထွက်ကုန်များအတွက် အရေးမပါသော အစိတ်အပိုင်းဖြစ်သည်ဟု မည်သို့မျှမဆိုနိုင်ပေ။ ချိပ်ထွက်သော အင်းဆက်ပိုး၊ ပျားနှင့် ပိုးမျှင် ထွက်သည့် ဖလံကောင်တို့သည် မိမိတို့မှရသော အသုံးဝင် ပစ္စည်းများအတွက်လည်းကောင်း၊ ပိုးစုန်းကြူးနှင့် လိပ်ပြာတို့သည် ယင်းတို့၏ လှပသော ဂုဏ်အင်္ဂါကြောင့်လည်းကောင်း၊ ခြများ၊ အပင်ကို ပျက်စီးစေသော အင်းဆက်ပိုးများနှင့် ပေါက်ဖတ်တို့သည် ယင်းတို့၏ ဖျက်ဆီးတတ်သော အလေ့ကြောင့်လည်းကောင်း တောခြင်များ၊ ခြင်ပုန်းများ၊ အလေ့းအမွှား၊ သန်းနှင့် ကြမ်းပိုးတို့သည် လူတို့ကို အနှောင့်အယှက် ပေးခြင်း ကြောင့်လည်းကောင်း အရေးပါကြသည်။ ပိုးနသန်ကောင်များ၊ ပင့်ကူများနှင့် ကင်းမြီးကောက်၊ ကင်းမလက်မည်းတို့သည်လည်း လူတို့ကို နှောင့်ယှက်ခြင်းကြောင့် အရေးကြီးသည်။

ကုန်းဒေသတွင် နေထိုင်ကြသော ကျောရိုးရှိ သတ္တဝါများအနက် ရှေးအကျဆုံး သတ္တဝါတို့မှာ အမ်ဖိဗီယာမျိုးပေါင်းတွင် ပါဝင်သော ကုန်းနေရေသတ္တဝါတို့ဖြစ်သည်။ ယင်းတို့သည် များသောအားဖြင့် ကုန်းပေါ်တွင် နေကြသည်။ သို့သော် ပေါက်ပွားရန် ရေထဲသို့ ပြန်သွားကြရသည်။ ပေါက်ခါစ အရွယ်တွင်လည်း ရေထဲ၌ပင် နေတတ်သည်။ မျိုးစဉ်ဆီစီလီအိဒီးမှာ မူ မြန်မာနိုင်ငံတွင် အလွန်ရှားပါးပြီးလျှင် နှစ်မျိုးသာရှိသည်။ ယင်းတို့မှာ အစ်သီယိုဖစ် ဂလူတီနိုဆမ်နှင့် အစ်သီယိုဖစ် မိုနိုခရိုယမ်တို့ ဖြစ်ကြသည်။ ဆလမန်ဒြီးဒီးမျိုးစဉ်တွင် ပါဝင်သော အကောင်များအနက် တိုင်လိုတြိုင်တန် ဗာရုကိုဆပ် တစ်မျိုးသာရှိသည်။ ယင်းတို့ကို ဆစ်ကင်နှင့် ရခိုင်တိုင်းရှိ စွတ်စိုသော တောတို့တွင် တွေ့ရသည်။

ရာနီဒီးမျိုးစဉ်တွင် ပါဝင်သော မျိုးစုအများပင် ရှိသည်။ ယင်းတို့အနက် အချို့သည် ရေတွင်အနေများသည်။ သို့ရာတွင် အများစုသည် ကုန်းပေါ်တွင် နေကြသည်။ ဇီနိုဖရစ်မွန်တီကိုလာခေါ် ဖားမျိုးသည် ပဲခူးနှင့် ဆစ်ကင်တွင် တွေ့ရှိရသည်။ ကယ်လိုဖရိုင်နပ် အင်တာလီနီအေတာသည် အောက်မြန်မာနိုင်ငံရှိ စွတ်စိုသော တောများ၌ ကျောက်တုံးများအောက်တွင် ခိုလှုံ နေတတ်သည်။ မိုက်ခရိုဖိုင်လာ ကာနေတီကာ၊ မိုက်ခရိုဖိုင်လာ ဗဒ်မိုရိုင်၊ ဂလစ်ဖိုဂလော့ဆပ် မော်လဆပ်၊ ကယ်လူလာ ပူလခရာနှင့် ကယ်လူလာ ဂတ်တူလေတာ ဖားခုန်ညင်းတို့ကို မြန်မာနိုင်ငံ အောက်ပိုင်းတွင် တွေ့ရပြီးလျှင် လက်ပတိုဗရက်ကီ ယမ် ဟက်ဆယ်လတီကို ရခိုင်ရိုးမ တောင်ပေါ်တွင် တွေ့ရသည်။ ခြေချောင်းလက်ချောင်း အဖျားများတွင် ကျယ်ပြန့်ပြီးလျှင် သွေးသွင်းကာ ကိုင်တွယ်နိုင်သော စုပ်ကွက်များရှိသော ဖားလည်းအများပင်ရှိသည်။ ထင်ရှားသော အမျိုးတို့မှာ ပေါ်လီပီဒေတီးမျိုးစု၊ အိတ်ဇေလပ်နှင့် ဟိုင်လာခေါ် ဖားပုံမျိုးစုံတို့ တွင် ပါဝင်ကြသည်။ ယင်းတို့ကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရသည်။

ဗူဖိုဖားပြုပ်မျိုးစုတွင် ထင်ရှားသော မျိုးစိတ်နှစ်ခုပါဝင်သည်။ ယင်းတို့မှာ ဗူဖိုမီလန်နိုစတစ်တပ်နှင့် ဗူဖိုအက်စပါတို့ ဖြစ်ကြပြီးလျှင် မြန်မာနိုင်ငံ အရပ်ရပ်တွင် တွေ့ရသည်။ တွားသွား သတ္တဝါတို့သည် ကုန်းနေသတ္တဝါအစစ် ဖြစ်သည်။ သို့ရာတွင် ယခုတိုင်ရှိကြသော တွားသွားသတ္တဝါတို့ ပါဝင်သည့် မျိုးစဉ်သုံးခုအနက် စကွာမေတာတွင် ပါဝင်သော ပုတ်သင်မျိုး၊ မြွေမျိုးတို့သည် ကုန်းနေသတ္တဝါတို့ ဖြစ်သည်။ အခြား မျိုးစဉ်နှစ်ခုဖြစ်သော ကရော့ကိုဒီလီယာနှင့် ကီလိုနီယာတို့တွင် ပါဝင်သော မိကျောင်းမျိုး၊ လိပ်မျိုးတို့သည် မိမိတို့ တစ်သက်တာတွင် ရေ၌ အများဆုံး အချိန်ကုန် ကြသည်။

မြန်မာနိုင်ငံတွင် ပုတ်သင်မျိုးတို့ ပါဝင်သည့် မျိုးရင်းရှစ်ခုရှိသည်။ သို့ရာတွင် မျိုးရင်းသုံးခုတွင် ပါဝင်သည့် မျိုးစိတ်တို့ကိုသာ အများဆုံးတွေ့ရသည်။ ယင်းမျိုးရင်း သုံးခုတို့မှာ တောက်တဲ့တို့ပါဝင်သော ဂက်ကိုနီဒီး၊ ပုတ်သင်တို့

ပါဝင်သော အက်ဂါမီးဒီးနှင့် ကင်းလိပ်ချောတို့ ပါဝင်သော ဆကင်ဆီဒီးတို့ ဖြစ်ကြသည်။ တောက်တဲ့မျိုးတွင် ပါဝင်သော ဟယ်မီဒးက်တီ လပ် မျိုးစုဝင် အိမ်မြေ◌ါင်များနှင့် တောက်တဲ့တို့သည် လူသိများသော အကောင်များ ဖြစ်ကြသည်။ တောတွင် နေကြသော သတ္တဝါများ ဖြစ် ကြသည်။ ပုတ်သင်ပျံတို့ကို တနင်္သာရီတိုင်းမှ မြောက်ဘက်သို့ ရှမ်းပြည်တောင်ပိုင်းအထိ တွေ့ရသည်။ တစ်နိုင်ငံလုံးတွင် အများအပြား တွေ့ရသော ပုတ်သင်မျိုးမှာ ကယ်လိုတီးမျိုးစုဝင်များ ဖြစ်ကြသည်။

အီလိုလက်ပစ် မျိုးစုတွင်ပါဝင်သော ပုတတ်များကို ရခိုင်၊ ပဲခူးနှင့် တနင်္သာရီတိုင်းတို့တွင် တွေ့ရသည်။ ပုတက်တို့သည် ဟင်းသီးဟင်းရွက်များကိုသာ မှီဝဲသော သတ္တဝါများဖြစ်ကြသည့် အလျောက် နွေဦးပေါက်စတွင် ပွင့်တတ်သော ပုတတ်စာပွင့်များကို စားသည်။ ယင်းတို့သည် ကုန်းသတ္တဝါ သက်သက်ဖြစ်ပြီးလျှင် မြေတွင်းတူးကာ နေတတ်သည်။ အုပ်ဖွဲ့၍ နေတတ်သောအလေ့ ရှိသည်။ အချို့လူများသည် ပုတတ်ကို အလွန်တန်ဖိုးထားကာ စားကြသည်။ ကင်းလိပ်ချော ၁၂ မျိုးမျှ မြန်မာနိုင်ငံတွင် အနှံ့အပြားရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ တောင်ပိုင်းတွင် အများဆုံး တွေ့ရသည်။ ထိုအပြင် ဖွတ်သုံးမျိုးခန့်ရှိသည်။ ဖွတ်သားနှင့်ဖွတ်ဥကို အချို့လူများ ထူးထူးခြားခြား နှစ်သက် ကြသည်။

မြွေများအနက် တွင်းထဲ၌ အမြဲပုံးအောင်းနေတတ်သော ဆင်ပစ် မြွေငယ်မျိုးမှစ၍ ကြီးမားသော စပါးအုံးမြွေကြီး များအထိ အများအပြားရှိသည်။ စပါးအုံးမြွေကြီးများသည် သစ်ပင်ရိပ်ကို လာရောက်ခိုလှုံသော တိရစ္ဆာန်ငယ်တို့ကို ဖမ်း၍စားရန် သစ်ပင်ထိပ်ဖျားတို၌ နေတတ်ကြသည်။ ဆင်ပစ်မြွေများအကြောင်း စိတ်ဝင်စားဖွယ် ဒဏ္ဍာရီများရှိသည်။ ယင်းဒဏ္ဍာရီများအရဆိုလျှင် ဆင်ပစ်မြွေသည် အဖျား နှစ်ဘက်လုံး၌ ခေါင်းတစ်လုံးစီရှိသည်။ ထိုကြောင့် မိမိတို့ ကြိုက်သလို ရှေ့သို့ပြေးလိုက် နောက်သို့ ပြေးလိုက် ပြုလုပ်နိုင်ခြင်း ဖြစ်သည်။ ယင်းမြွေကို ထက်ပိုင်းဖြတ်လိုက်လျှင် တစ်ပိုင်းသည် တစ်ဘက်သို့ ပြေးပြီးလျှင် အခြားတစ်ပိုင်းသည် အခြားတစ်ဘက်သို့ ပြေးသည်။ အချို့ကလည်း ယင်းမြွေတွင် ခေါင်းတစ်လုံး အမြီးတစ်ခုရှိပြီးလျှင် ခြောက်လတစ်ကြိမ် အမြီးနှင့် ခေါင်း နေရာပြောင်းသည်ဟု ဆိုသည်။ မိမိကိုယ်ကိုခြောက်ပေအမြင့် ခုန်ပြီးသော် ဆင်ပေါ်သို့ ရောက်နိုင်သည်။ ယင်းမြွေ ကိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ဆင်လည်း ယိမ်းယိုင်သွားကာ ချက်ချင်းပင် မြေသို့လဲကျသေသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ယင်းတို့ကို ဆင်ပစ်မြွေဟု ခေါ် ခြင်းဖြစ်လေသည်။ မြန်မာနိုင်ငံတွင် အဆိပ်ရှိသော မြွေမျိုးပေါင်း မြောက်များစွာရှိသည်။ မြွေဟောက်၊ ငန်းတော်ကျား၊ မြွေပွေး၊ မြွေစိမ်းမြီးခြောက်များကို အနှံ့အပြား တွေ့ရသည်။ မိမိတို့၏ အစာဖြစ်သော သတ္တဝါငယ်တို့ကို ဖမ်းဆီးရာတွင် အဆိပ်ကို အသုံးပြုသည်။ သို့ရာတွင် လူ၊ တိရစ္ဆာန်အကြီးများနှင့် တွေ့သောအခါ ခုခံကာကွယ်သော သဘောနှင့် အဆိပ်ကို အသုံးပြုသေးသည်။ ယင်းတို့ရှိခြင်းသည် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသည်။ မြန်မာနိုင်ငံကဲ့သို့ လယ်ယာ စိုက်ပျိုးသော တိုင်းပြည်တွင် နှစ်စဉ် မြွေဆိပ်ကြောင့် အသက်ဆုံးရှုံးရသူများမှာ ထောင်ပေါင်းများစွာပင် ဖြစ်သည်။ မြန်မာနိုင်ငံရှိ မြွေအားလုံးကို သုတေသန မပြုလုပ်ရသေးပေ။ သို့ရာတွင် အိန္ဒိယ-မြန်မာဆိုင်ရာ မြွေ အကြောင်းစာ ပေအရဆိုလျှင် မျိုးရင်း ၁၁ခုရှိပြီးလျှင် မျိုးစု ၉၀၊ မျိုးစိတ် ၃၈၈ ရှိသည်။ ယင်းတို့အနက် မျိုးရင်း သုံးခုသာ အဆိပ်ရှိသည်။ ထိုမျိုးရင်း သုံးခုတွင် မျိုးစု ၂၂ခုနှင့် မျိုးစိတ် ၈၁ခုပါဝင်သည်။ အထက်ပါ စာရင်းအရ အဆိပ်မရှိသော မြွေသည် အဆိပ်ရှိသော မြွေထက် ဦးရေများ ကြောင်းသိရပေသည်။

မြန်မာနိုင်ငံ ငှက်များအကြောင်းကို သုတေသီအများပင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အများသိကြသော ငှက်မျိုးအချို့ကိုသာ ဖော်ပြလိုပေသည်။ သစ်တောက်ငှက်တို့ပါဝင်သော ပိဆိမျိုးစဉ်တွင် ငှက်မျိုးပေါင်း ၃၄မျိုး ရှိ၍ မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသည်။ ငှက်ပန်းထိမ်၊ ဖိုးခေါင်၊ ကုပ်ကလောင်၊ ငှက်ခါး၊ ယောင်ယင်း၊ အောက်ချင်း၊ ယောင်ယင်နက်၊ တောင်ပီစူး၊ ပတူငှက်၊ ပိန်ညင်း၊ ထုတ္တရူ(ထပ်တယူ)၊ ပျံလွှား အစရှိသောငှက်တို့သည် ဖောလစ်တိုရီးမျိုးစဉ်တွင် ပါဝင်၍ ယင်းမျိုးစဉ်တွင် ၁၀၆ မျိုးပါဝင်ပြီးလျှင် မြန်မာနိုင်ငံအရပ်ရပ်တွင် တွေ့ရှိနိုင်သည်။ ဥ0x100သ၊ ဝါဖလေး၊ ဘုတ် အစရှိသောငှက် ၂၄ မျိုးတို့သည် စကန်ဆိုရီးမျိုးစဉ်တွင် ပါဝင်သည်။ မြေညော|ာင်(မြီးညော|ာင့်)၊ ဗွတ်ဖင်နီ၊ စာ၊ ကျီး၊ ကျီးအတို့သည်အမျိုးပေါင်း ၃၀၀-၄၀၀ အထိရှိသော ပက်ဆာရီးမျိုးစဉ်တွင် ပါဝသည်သည်။ ခို၊ချိုး၊ချိုးပိန်တူး တို့သည် ကောလမ်ဗီး မျိုးစဉ်တွင်ပါဝင်၍ မြန်မာနိုင်ငံတွင် ၃၈ မျိုးခန့်ရှိသည်။ ဥဒေါင်း၊ ဒေါင်းကုလား၊ တောကြက်တို့သည် ဂယ်လီနီးမျိုးစဉ်တွင်ပါဝင်၍ ၂၆ မျိုးရှိသည်။ ကြိုးကြာ၊ ခရုစုတ်၊ ကလူကွက်တို့ ပါဝင်သော ဂရယ်လီးမျိုးစဉ်တွင် အမျိုးပေါင်း ၁၃၀ ခန့်ရှိသည်။ တောဝမ်းဘဲနှင့် ဘဲမျိုးတို့သည် အန်ဆာရီးမျိုးစဉ်တွင် ပါဝင်၍ ၅၀ခန့်ရှိသည်။ လင်းတ၊ သိမ်း၊ ချိုးသိမ်း၊ ဝံလို၊ ဝံလက်၊ ဒေါင်းစွန်း၊ သိမ်းကျား၊ စွန်ခေါင်းဖြူ၊ စွန်၊ ငှက်ဆိုး၊ တီးတုတ်၊ ဇီကွက်၊ ခင်ပုပ်တို့မှာ ၉၂မျိုးရှိပြီးလျှင် ရပ်ပတိုရီးမျိုးစဉ်တွင် ပါဝင်သည်။ ကြက်တူရွေး၊ ကျေးသန္တာတို့မှာ ၂၄ မျိုးရှိ၍ ဆစ်တာစီဒီးမျိုးစဉ်တွင် ပါဝင် ကြသည်။ တစ်ပြည်လုံးတွင် အနှံ့အပြား တွေ့ရသော ဇွေ့ငှက်မျိုးစိတ်လေးခုရှိသည်။ ယင်းတို့၏ ဒေသမှာ ပဲခူး၊ ရောတီအထက် ပိုင်းနှင့် နီကိုဗာကျွန်းများဖြစ်ကြသည်။ လင်းနို့နှင့်လင်းဆွဲ မျိုးစိတ်ပေါင်း ၅၄ ခုကို မြန်မာနိုင်ငံတွင် တွေ့ရ၏။ ယင်းတို့အနက် ကိုးမျိုးသည် အသီးအနှံ စား၍ ကျန် ၄၁ မျိုးသည် အင်းဆက်ပိုးကောင်များစားတတ်သည်။

မျောက်လောင်းပျံတို့ကိုမူကား တနင်္သာရီ၊ ပဲခူးနှင့် ရခိုင်တိုင်းတို့တွင် တွေ့ရကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင် သင်းခွေချပ် နှစ်မျိုးတွေ့ရသည်။ ယင်းတို့သည် ခါချဉ်ကောင်များကို စားတတ်၍ ကိုယ်တွင် အကြေးများ ရှိသည်။ နှေးကွေး၍ နှာတံရှည်သော မျောက်မျိုး ဖြစ်သည့် မျောက်မောင်းမကို အာသံမှ ဗောနီယိုအထိ တွေ့ရသော်လည်း မြန်မာနိုင်ငံတွင် အများအပြားမရှိချေ။ အမြီးမရှိသော မျောက်လွှဲကျော် နှစ်မျိုးတွေ့ရသည်။ တစ်မျိုးသည် ဧရာဝတီမြစ်ဝှမ်းတွင် နေထိုင်သော မျောက်လွှဲကျော်မျက်ကွင်းဖြူ ဖြစ်ပြီးလျှင် အခြားတစ်မျိုးသည် တနင်္သာရီတိုင်းတွင် နေထိုင်သော မျောက်လွှဲကျော်လက်ဖြူ ဖြစ်သည်။ မကာကပ်မျောက် ခြောက်မျိုးခန့်ရှိသည်။ ယင်းတို့သည် တနင်္သာရီတွင် တွေ့ရသော မျောက်ပုတီး၊ ရခိုင်တိုင်းနှင့် ဧရာဝတီမြစ်ဝှမ်းကြားတွင် တွေ့ရသော မျောက်နီ၊ စစ်တွေတောင်ဘက်တွင် တွေ့ရသော ကနန်းစား မျောက်တံငါ၊ ကချင်တောင်များမှ အာသံအထိဖြစ်သော တောင်များပေါ်တွင် နေထိုင်သော မျောက်မြီးတို၊ ဧရာဝတီမြစ်ဝှမ်း တစ်လျှောက် ဗန်းမော်အောက်တွင် အစုလိုက်အုပ်ဖွဲ့နေတတ်သော မကာကပ် အက်ဆမ်မန်ဆစ်နှင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသော မကာကပ်ရီးဆပ်တို့ဖြစ်ကြသည်။

ဆမ်နိုပိသိကပ် မျိုးစုတွင်ပါဝင်သော မျောက်မျိုးစိတ် မြန်မာနိုင်ငံတွင် ငါးမျိုးရှိသည်။ ယင်းတို့သည် မကာကပ် မျောက်များထက် ကြီးပြီးလျှင် ခြေလက်နှင့် အမြီးပို၍ရှည်သည်။ ဆမ်နိုပိသိကပ် ဗာဗိုင်တို့၏ဒေသမှာ တိပါရတောင်များ၊ ကချင်တောင်များနှင့် မန္တလေးအထက် ဧရာဝတီမြစ်ဝှမ်း တစ်လျှောက်တို့ဖြစ်သည်။ ဆမ်နိုပိသိကပ် ပီလီအေလပ်တို့ကိုမူကား တိပါရတောင်များမှ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်အပြင် တောင်ဘက်သို့တနင်္သာရီတိုင်း တိုင်အောင် တွေ့ရသည်။ ဆမ်နိုပိသိကပ် အော့စကုရပ် ခေါ် မျောက်ညိုနှင့်

ဆမ်နိုပိသိကပ် ခရိုင်အို ဂတ်စတာတို့၏ ဒေသသည် တနင်္သာရီတိုင်း ဖြစ်ပြီးလျှင်၊ ဆမ်နိုပိသိကပ် ကရစ္စတေးတပ်ခေါ် မျောက်များ၊ မျက်ကွင်းဖြူတို့၏ ဒေသမှာ ရခိုင်နှင့် တနင်္သာရီတိုင်းတို့ဖြစ်ကြသည်။

ရှဉ့်အမျိုးပေါင်း ၂၁ မျိုးကို မြန်မာနိုင်ငံတွင် တွေ့ရသည်။ အများဆုံး တွေ့ရသော အမျိုးမှာ ရှဉ့် အမည်းကြီးမျိုးဖြစ်သည်။ မြေကြွက် မျိုးစိတ်ပေါင်း ၁၈ ခု၊ ကြွက်စုတ် မျိုးစိတ်ပေါင်း ရှစ်ခုနှင့် ပွေးမျိုးစိတ်ပေါင်း ငါးခုရှိသည်။ ဖြူမျိုးစိတ် နှစ်ခုအနက် တစ်ခုကို ရခိုင်တိုင်းတွင် တွေ့ရပြီးလျှင် အခြားတစ်ခုကို တနင်္သာရီတိုင်းတွင် တွေ့ရသည်။

ယုန်မျိုးစိတ် တစ်ခုတည်းသာရှိ၍ ယင်းကို ပဲခူးမြောက်ပိုင်းတွင် တွေ့ရသည်။

ကြောင်ကတိုးနှင့် တစ်ကွ ယင်းနှင့် နီးစပ်သော မျိုးစိတ်ပေါင်း ခုနစ်ခုရှိသည့်အနက် ဗီဗီရာ ဇီဗက်သာခေါ် မီးခိုးရောင် ကြောင်မြင်းသည် အများဆုံးတွေ့ရသော အကောင်ဖြစ်သည်။ ဗီဗီရာ တန်ဂလန်ဂေါ်ခေါ် ကြောင်ကတိုးအကျား မျိုးကို ပြည်မြို့မှ ပီနံအထိ တွေ့ရသည်။ ဗီဗီရာကူလာ မလက်ဆင်းစစ်ခေါ် ကြောင်ကတိုးမျိုးကိုမူကား မြန်မာနိုင်ငံအနှံ့အပြား တွင် တွေ့ရသည် ယင်းတို့၏ စစ်ထွက်ရည်သည် မြန်မာဆေးဘက်ဝင် ပစ္စည်းတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသော အခြားကြောင်းတစ်မျိုးမှာ ကြောင်ဝံပိုက်ဖြစ်သည်။ အစင်းသုံးကြောင်းရှိသော ကြောင်နဂါးတို့ကို တနင်္သာရီနှင့် ရခိုင်တိုင်းတို့တွင်လည်းကောင်း၊ ကြောင်နားရွက်ဖြူတို့ကို ရခိုင်တိုင်းမှ တနင်္သာရီအထိလည်းကောင်း၊ မျောက်ကျားတို့ကို မလ္လာယုကျွန်းဆွယ်တိုင်းပြည်များမှ အာသံပြည်အထိလည်းကောင်း တွေ့ရသည်။ မြွေပါမျိုးစိတ် သုံးခုကို မြန်မာနိုင်ငံ အရပ် ရပ်တွင် တွေ့ရသည်။

ဖဲလစ်မျိုးစုတွင် ပါဝင်သော မျိုးစိတ်ရှစ်ခုရှိရာ၊ ဖဲလစ်တိုက်ဂရစ်ခေါ် ကျားကို မြန်မာနိုင်ငံ အနှံ့အပြား တောထူထပ်သော ဒေသများတွင် တွေ့ရသည်။ ဖဲလစ်ပါဒတ်ခေါ် သစ်များနှင့် သစ်ကျားနက်တို့ကို ထားဝယ်ခရိုင်တွင် အများအပြားတွေ့ရသည်။ ငါးဖမ်း၍ စားတတ်သော ကျားကြောင်၊ သစ်ကြောင်၊ ကျောက်ဖြူရောင် ရှိသော ကျား၊ ကြောင်နှင့် သာမန်ကြောင်တို့ကို မြန်မာနိုင်ငံ အရပ်ရပ်တွင် တွေ့ရသည်။

ဟီလတ်တော့ မလေယာနတ်ခေါ် ဝက်ဝံတို့၏ ဒေသသည် တနင်္သာရီဖြစ်ပြီးလျှင် အိန္ဒိယဝက်ဝံနက်ကို တောင်ငူအနီး တွင် တွေ့ရကြောင်း တင်ပြထားသည်။ ခွေးတူ ဝက်တူကို ရခိုင်နှင့် စစ်တောင်းမြစ်ဝမ်းတွင် တွေ့ရသည်။

တောခွေးကို မြန်မာနိုင်ငံတွင် အနှံ့အပြား တွေ့ရပြီလျှင် မြေခွေးကို ရခိုင်တိုင်းအတွင်း တောင်ဘက် နတ်မြတ်သို့ တိုင်အောင် တွေ့ရသည်။

ဆပ်စမျိုးစုဝင် တောဝက်မျိုးစိတ် နှစ်ခုရှိ ကြောင်းသိရသည်။

ရှူဆာ အရစ်တိုတယ်လီးခေါ် ဆတ်သည် မြန်မာနိုင်ငံတွင် ပျံ့နှံ့၍ နေသည်။ ဟီလက်ဘက် ပေါ် စီနပ်ခေါ် ဒရယ်ကို တနင်္သာရီမြစ်ဝှမ်းနှင့် စစ်တောင်းတွင်ရှိသော လွင်ပြင်တို့တွင် တွေ့ရသည်။ ပန်နိုလီယ အယ်လဒီခေါ် သမင်တို့ကို ပဲခူး၊ တနင်္သာရီနှင့် မြိတ်အစရှိသည့် ဒေသတို့တွင်လည်းကောင်း၊ ဆာဗူလတ် ဩရီယပ်ခေါ် ချေ၊ တောဆိတ်နှင့် ပြောင်တို့ကို တစ်ပြည်လုံးတွင် ပျံ့နှံ့လျက်လည်ကောင်း တွေ့ရသည်။ စိုင်ကို ပဲခူးတိုင်းတွင်လည်းကောင်း၊ရခိုင်တွင်လည်းကောင်း တွေ့ရသည်။ ဗာဗလပ် အာနီခေါ် ကျွဲရိုင်းကို မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသည်။ တာကင်ခေါ် သားမင်းကို မစ်ရှမီတောင်၊ တိဗက်အရှေ့ပိုင်း၊ အာသံ၊ မြန်မာနှင့်

တီဗက်နယ်ခြား၊ ကချင်ပြည်နှင့် သံလွင် ရောဝတီခွဲရာ ဒေသအသီးသီးရှိ မြင့်မားသော တောင်တို့ပေါ်တွင် အုပ်ဖွဲ့၍ နေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကြံ့မျိုးပေါင်း သုံးမျိုးရှိ၏။ ယင်းအနက် နှစ်မျိုးမှာ ဦးချိုနှစ်ချောင်းရှိ၍ ကျန်တစ်မျိုးမှာ ဦးချို တစ်ချောင်းသာလျှင်ရှိ၏။ ဦးချိုတစ်ချောင်းရှိသော ကြံ့ဆင်မျိုး (ရိုင်နိုဆာရပ် ဆွန်ဒိုင်ကပ်)သည် တနင်္သာရီဒေသရှိ လူမနီးသော မြစ်ကမ်းပါးကြီးများနှင့် တောင်များပေါ်တွင် နေကြောင်းသိရသည်။ ဦးချိုနှစ်ချောင်းရှိ ကြံ့လျှော်မျိုးမှ ရိုင်နိုဆာရပ် လက်ဆီအိုတစ် ကြံ့မျိုးသည် ရခိုင်ရိုးမတောင်နှင့် မြန်မာနိုင်ငံ အထက်ပိုင်းတွင် နေကြ၍ ယင်းတို့သည် အနားတွန့်သော နားရွက်ရှိသည့် ကြံ့မျိုးဖြစ်သည်။ အခြား ချိုနှစ်ချောင်း ကြံ့မျိုးမှာ ရိုင်နိုဆာရပ် ဆူမာတြင်ဆစ်ဖြစ်၍ တနင်္သာရီမှ မလ္လာယု ဒေသတိုင် နေကြောင်း သိရသည်။ ယင်းကြံ့တို့သည် ရိုင်နိုဆာရပ် လက်ဆီအိုတစ်ထက် ငယ်သည်။

တစ်ရရှူး၊ သို့မဟုတ် ကြံ့သူတော် (တစ်ပီးရပ်မလေယာနပ်)မျိုးသည် ထားဝယ်၊ မြိတ်နယ်များမှ မလ္လာယုဒေသတိုင် နေထိုင်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ဆင်တစ်မျိုးတည်းသော ရှိ၍ ယင်းတို့သည် တောဆင်ရိုင်း (အဲလီဖတ် အင်ဒိကပ်)များ ဖြစ်ပြီးလျှင် ထူထပ်သော တောတောင်များတွင် နေကြသည်။ ယင်းတို့သည် အိန္ဒိယဆင်များနှင့် တစ်မျိုးတည်း ဖြစ်သည်ဟု အများက ယူဆကြလေသည်။ [၁]

# မြန်မာနိုင်ငံရေနေ တိရစ္ဆာန်များ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

## မြန်မာနိုင်ငံရေနေ တိရစ္ဆာန်များ[ပြင်ဆင်ရန်]

ရေနေ တိရစ္ဆာန်၊ သို့မဟုတ် ရေသတ္တဝါ ဆိုသည်မှာ ရေတွင် အမြဲနေထိုင် ကျက်စား ပေါက်ပွားသော သတ္တဝါမျိုးကို ဆိုလိုသည်။ ယင်းတို့သည် ကုန်းသတ္တဝါများထက် ဦးရေနှင့် အမျိုးအမည် များပြား၏။ ကုန်းသတ္တဝါ များကဲ့သို့ပင် ယင်းတို့ကို ကျောရိုးမဲ့နှင့် ကျောရိုးရှိ ရေသတ္တဝါဟူ၍ နှစ်မျိုး ခွဲခြားထားရာ၊ ကျောရိုးမဲ့ သတ္တဝါများက ပိုမို လွန်ကဲများပြား၏။ အသေးအနုတ်ဆုံးသော ရေသတ္တဝါလေးများကို သာမန်မျက်စိဖြင့် မမြင်နိုင်ချေ။ မိုက္ကရိုစကုပ်အားဖြင့်သာ တွေ့မြင်နိုင်သည်။ ငါးကြီးများနှင့် လင်းပိုင်များသည် မြန်မာ့ ရေသတ္တဝါတို့တွင် အကြီးဆုံး ဖြစ်ကြသည်။ မြန်မာ့ ရေသတ္တဝါသည်လည်း အမြောက်အမြား ရှိသောကြောင့် ယင်းတို့ကို စေ့ငုစွာ လေ့လာရန် မလွယ်ကူချေ။ ကမ္ဘာပေါ် ရှိ အခြားနိုင်ငံတို့၏ ရေသတ္တဝါများ လေ့လာမှုသည်လည်း ဆုံးခန်းတိုင်ရောက်ရန် များစွာပင် လိုသေး၏။ မြန်မာ့ ရေသတ္တဝါများကို အဆင့်အတန်း လိုက်၍ ဆဲ့ငါးမျိုးခန့် ခွဲခြားထားသည်။ ရေသတ္တဝါတို့တွင် အနိမ့်ကျဆုံးနှင့် ရှေးဦးအကျဆုံး ဖြစ်သော သတ္တဝါတို့မှာ ပရိုတိုဇွန်းကောင်ခေါ် ရေသတ္တဝါကလေးများ ဖြစ်ကြသည်။ ပရိုတိုဇွတို့၏ ခန္ဓာကိုယ်တွင် ဆဲတစ်ခုစီသာ ရှိသောကြောင့် အလွန်တရာ သေးငယ်သဖြင့် မိုက္ကရိုစကုပ် အားဖြင့်သာ ယင်းတို့ကို

ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ရေကန်မှ လည်းကောင်း၊ ရေမြောင်းမှ လည်းကောင်း ရေတစ်စက်ကိုယူ၍ မိုက္ကရိုစကုပ်နှင့် စမ်းသပ် ကြည့်ရှုလျှင် ပရိုတိုဇွ ကလေးများကိုတွေ့မြင် နိုင်သည်။

အလွယ်တကူ စမ်းသပ် တွေ့ရှိနိုင်သော ရေချိုနေ ပရိုတိုဇွကလေးများမှာ ပါရာမီးဆီယမ်၊ အမီးဗားနှင့် ယူဂလီးနားတို့ဖြစ်ကြသည်။

နျူမျူလိုက်ကဲ့သို့သော ရေငန်နေ ပရိုတိုဇွ ကလေးများသည် ရခိုင်ကမ်းခြေအနီး ပင်လယ်အောက်တွင် ကျက်စားနေထိုင် ကြရာ၊ ယင်းတို့၏ အရိုးခွံများကို ကမ်းစပ် သဲသောင်များတွင် မကြာခဏ တွေ့ရတတ်သည်။ အချို့သော ပရိုတိုဇွတို့သည် တစ်ကောင်နှင့်တစ်ကောင် တွဲဆက်၍ နေတတ်ကြ၏။ ယင်းကဲ့သို့ တွဲဆက်နေသော ပရိုတိုဇွ အချို့မှာ တစ်ကောင်က အစာရရှိရန်လည်းကောင်း၊ အခြားတစ်ကောင်က မျိုးပွားရန်လည်းကောင်း တစ်တွဲလုံးအတွက်လိုအပ်သော လုပ်ငန်းအသီးသီးကို ခွဲဝေ၍ ထမ်းဆောင်တတ်ကြသေးသည်။ အကောင် ပမာဏပင် သေးငယ်သော်လည်း အချို့မှာ လူနှင့် မွေးမြူထားသော တိရစ္ဆာန်တို့ကို ရောဂါဘယ ဖြစ်စေတတ်သောကြောင့် ယင်းပရိုတိုဇွ ကပ်ပါးများကို လေ့လာရန် အရေးကြီးပေသည်။ ရေချို ရေငန် နှစ်ရပ်စလုံးတွင် လွတ်လပ်စွာ နေထိုင်ကြသော ပရိုတိုဇွ အများသည် အခြားသတ္တဝါတို့တွင် အခြေခံ အစာတရပ်လည်းဖြစ်သည်။ ရေသတ္တဝါတို့တွင် ပရိုတိုဇွ များထက် အဆင့်အတန်းမြင့်သော အခြားသတ္တဝါတို့၏ ခန္ဓာကိုယ်၌ ဆဲပေါင်း မြောက်မြားစွာရှိသဖြင့် ယင်းတို့ကို သာမန်မျက်စိနှင့် မြင်နိုင်သည်။ ထိုဆဲများသော သတ္တဝါ အားလုံးကို သိပ္ပံအလိုအားဖြင့် မက်တာဇွဟု ခေါ်ဝေါ်၍ အစိပ္ပါယ်မှာ ဆဲများသတ္တဝါလောက ဖြစ်သည်။ ယင်းဆဲများသတ္တဝါ လောက၏ အောက်ဆုံးအဆင့်တွင် စပန်း ရေမြှုပ်အမျိုးမျိုးတို့ ပါဝင်ကြသည်။

ရေချို ရေငန် နှစ်ရပ်စလုံးရှိ ရေမြှုပ်နေသော ကျောက်တုံးများ၊ သစ်ပင်များတွင် တွယ်ကပ်၍ နေကြသည်။ ယင်းတို့တွင် အရောင်နှင့် ပမာဏ အမျိုးမျိုးရှိကြ၍ အချို့သည် သစ်ကိုင်း သစ်ခက်များကဲ့သို့ ပုံသဏ္ဌာန်ရှိသောကြောင့် သစ်ပင်များပင် ဖြစ်သည်ဟု အချို့က ယူဆကြသည်။ စပန်း ရေမြှုပ် ခ။ကိုယ်ထဲတွင် ဆဲ နှစ်လွှာရှိသော်လည်း ထိုဆဲများသည် အလွှာလိုက် စနစ်တကျ မရှိသည့်ပြင်၊ အချို့ဆဲ များမှာ တစ်နေရာမှတစ်နေရာသို့ ကူးပြောင်း သွားတတ်ကြ သေးသည်။ စပန်း ရေမြှုပ်တိုင်တွင် ခန္ဓာကိုယ်၌ အပေါက်ငယ်ကလေး အမြောက်အမြား ပါရှိသောကြောင့် ယင်းတို့ကို ပိုရေးဖရာ မျိုးပေါင်းစုဟူသော သိပ္ပံအမည်ကို ပေးထား၏။ ယင်းတို့တွင် ခန္ဓာကိုယ် မပျော့အိအောင် ထိန်းထားသော ဆူးကလေးများရှိရာ အချို့မှာ ကျွတ်ဆတ်၍ အချို့မှာ ပျဉ်းတွဲသည်။ မြန်မာ ရေမြှုပ်များကို အင်းအိုင်ရေကန်များနှင့် ပယ်လယ်ကမ်းခြေ တစ်လျှောက် တွေ့မြင်နိုင်သော်လည်း ယင်းတို့ကို လေ့လာ၍ အသုံးပြုခြင်း မရှိသေးချေ။

စပန်း ရေမြှုပ်တို့ထက် အဆင့် တစ်ဆင့်မြင့်သော ဆဲများသတ္တဝါတို့ကို ဆီလင်တာရေးတား မျိုးပေါင်းစုတွင် ထည့်သွင်းထားသည်။ ယင်း သတ္တဝါတို့သည် ရေသတ္တဝါချည်းသာ ဖြစ်ကြ၍ ရေချို ရေငန် နှစ်ရပ်စလုံးတွင် နေထိုင်ကြရာ၊ ရေငန်တွင် အထူးများပြားကြသည်။ ယင်းသတ္တဝါတို့ ခန္ဓာကိုယ်၌ ဆဲလွှာ နှစ်ထပ် စနစ်တကျ တည်ရှိသည့်အပြင် အချို့တွင် လိင်အင်္ဂါများ ထင်ထင်ရှားရှား ရှိကြသေးသဖြင့် စပန်းရေမြှုပ်တို့ထက်

အဆင့်မြင့်ကြ သည်။ယင်းသတ္တဝါတိုင်းတွင် ခန္ဓာကိုယ် အပြင်လွှာ၌ နီမက်တိုဗလတ်ခေါ် အထူးဆဲများ ရှိကြရာ ထိုဆဲများကို အစာဖမ်းယူရာတွင် လည်းကောင်း၊ ရန်သူ ကာကွယ်ရာတွင် လည်းကောင်း အသုံးပြုသည်။ ကိုယ်တွင်း ခေါင်းနှင့် အစာ ကြောင်း ခွဲခြားခြင်းမရှိသေးသည့် အပြင် လိင်မဲ့မျိုးပွားခြင်းကို ပြုလုပ်နိုင်သေးသောကြောင့် သတ္တလောကတွင် အောက်ဆင့်မှာပင် ရှိသေးသည်ဟု ဆိုရပေမည်။ ခန္ဓာကိုယ်ပမာဏသည် သာမန်မျက်စိနှင့် မြင်နိုင်ရုံအရွယ်အစားမှ လှည်းဘီးနီးပါးအထိ ရှိသည်။ ဟိုင်ဒြာကောင် အပါအဝင်ဖြစ်သော မြန်မာ့ရေချို ဆီလင်တာရိတ်များသည် အလွန်သေးငယ်၍ မြက်ပင်ပေါင်းပင် ထူထပ်သော ရေကန်၊ အင်းအိုင်များတွင် တွေ့နိုင်သော်လည်း ယင်းတို့ကို သေချာစွာ လေ့လာမှတ်သားခြင်း မရှိသေးသဖြင့် အများက မသိကြချေ။

ရေငန်တွင် နေထိုင်သော ဆီလင်တာရိတ်များသည် အကောင် ကြီးမားသည့်အပြင် အရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြ၍ အချို့မှာ ဆေးဘက်ဝင်သည်ဟု ယူဆသောကြောင့် ယင်းတို့ကို အများကသိရှိကြသည်။ ကျောက်များတွင် တွယ်ကပ်နေသော ကျောက်ခက်ကျောက်ပန်း ဖြစ်စေသည့် သန္တာကောင်၊ ပင်လယ် ကမ်းခြေသဲသောင်တွင် စိုက်နေသော ပင်လယ်မှိုကောင်၊ ပင်လယ်ရေတွင်ပေါ်၍ လှိုင်းပုတ်ခတ်ရာသို့ ပါသွားတတ်သော ပင်လယ်ခူအမျိုးမျိုးတို့သည် မြန်မာဆီလင်တာရိတ်များဖြစ်သည်။

- ငထီး

ပလက်တီဟယ်လမင်သီးစ မျိုးပေါင်းစုတွင် သတ္တဝါငယ်အတော်များများ ပါဝင်ကြသည်။ ယင်း သတ္တဝါများ၏ ခန္ဓာကိုယ်များသည် များသောအားဖြင့် ပြားချပ်နေသည့်အပြင် ခေါင်းပိုင်း၊ ဖင်ပိုင်းနှင့် ကျောဘက်၊ ဝမ်းဘက်ဟူ၍ ပိုင်းခြား သိရှိနိုင်သောကြောင့် ပယ်လယ်မှိုကောင်၊ ပယ်လယ်ခူနှင့် သန္တာကောင်တို့ထက် အဆင့်အတန်း မြင့်မားသည်။ ရေချို ရေငန် နှစ်ရပ်လုံးတွင် နေထိုင်ကျက်စားသော ပလက်တီဟယ်လမင်သီးစ တို့ကို ရေထဲရှိ ကျောက်တုံး၊ သစ်တုံးစသော အရာဝတ္ထုတို့ အောက်တွင်တွေ့ရှိနိုင်သည်။ ပက်ကျိများကဲ့သို့ တွားသွားတတ်သော သတ္တဝါများ ဖြစ်ကြသည်။ ကိုယ်တွင်း၌ ဖို-မလိင်အင်္ဂါ စုံတွဲပါရှိ၍ ဥအုတတ်သော သတ္တဝါကောင်းများလည်း ဖြစ်ကြသည်။ ယင်းတို့၏ နူးညံ့ပျော့ပျောင်းသော ခန္ဓာကိုယ်သည် မကြာခဏ ပွန်းပဲ့စုတ်ပြတ်၍ သွားသော်လည်း သေလောက်အောင် မထိခိုက်ချေ။ အသားတက်ပြီး ပြကတေ့အတိုင်း ပြန်ဖြစ် လာနိုင်သည်။ ရေထဲတွင် လွတ်လပ်စွာ နေတတ်သော မြန်မာပလက်တီဟယ်လမင်သီးစများကို အသင့်အတင့်သာ စူးစမ်း လေ့လာခဲ့ပြီး ဖြစ်သော်လည်း လူသိ မများချေ။ ကပ်ပါးဖြစ်သော ပလက်တီဟယ်လမင်သီးစများကိုမူ ပိုမို၍လေ့လာ ထားသဖြင့် ယင်းတို့ခန္ဓာကိုယ် တည်ဆောက်ပုံနှင့် ရှည်လျားသော ဘဝသမိုင်းများကို အတော်များများက သိထားကြသည်။ ထိုကပ်ပါးတို့တွင် အသည်းပိုး၊ အဆစ်မဲ့ တုတ်ပြားကောင်နှင့် အဆစ်ရှိ တုတ်ပြားကောင်တို့ ပါဝင်ကြသည်။ သံကောင်များကို နီမက်ဟယ်လမင်သီးစမျိုးပေါင်းစုတွင် ထည့်သွင်းထား၏။ အထက်ဖော်ပြပါ ပလက်တီဟယ် လမင်သီးစ မျိုးပေါင်းစုတွင် ပါဝင်သော သတ္တဝါများကဲ့သို့ အသက်ရှူအင်္ဂါနှင့် သွေးအဖွဲ့အစည်းကင်းမဲ့သည်။ အရွယ် ပမာဏအားဖြင့် သံကောင်တစ်မျိုးနှင့် တစ်မျိုး ကွာခြားသော်လည်း ပုံသဏ္ဍာန်မှာ တူကြ၍ အားလုံးတွင် လုံး၍ ရှည်လျားသော ကိုယ်ခန္ဓာများ ရှိကြသည်။ သံကောင်များကို ပိုးကပ်ပါးအဖြစ် ရှေးမဆွကပင် သိရှိခဲ့သော်လည်း စိုစွတ်သော နေရာများနှင့် ရေထဲတွင် နေကြသော သံကောင်

အမြောက်အမြား ရှိကြောင်းကို အများက မသိကြချေ။ ယင်းတို့ အကြောင်းကို မြန်မာနိုင်ငံတွင် ပညာရပ်တစ်ခုအနေဖြင့် လေ့လာထားသည်ကိုလည်း မတွေ့ရချေ။ ဗရက်ခီအိုပိုးဒါးမျိုးပေါင်းစုတွင် ယောက်သွားကဲ့သို့အခွံနှစ်ခြမ်းပါရှိသော သတ္တဝါများပါဝင်ကြသည်။ ယင်းတို့တွင် အသက်ရှူအင်္ဂါနှင့် သွေးအင်္ဂါအဖွဲ့များရှိသဖြင့် သံကောင် တုတ်ကောင်တို့ထက် ပို၍ အဆင့်အတန်းမြင့်သည်ဟု ဆိုရပေမည်။ သို့ရာတွင် ခန္ဓာကိုယ်တည်ဆောက်ပုံမှာ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးကြောင်း ထင်ရှားသည်။ မြန်မာ့ရေပြင်တွင် ကျင်လည် ကျက်စားသော ဗရက်ခီအိုပေါ့ တမျိုးသာလျှင်တွေ့ရှိရာ ယင်းကို ထားဝယ်နှင့် မြိတ်နယ်များတွင် ပက်ကလိဟု ခေါ်ကြသည်။ ဤအရပ်များတွင် ယင်းတို့ကို ယောက်သွားများကဲ့သို့ပင် စားသောက်တတ်ကြသည်။ အီကိုင် နိုဒါမာတာ မျိုးပေါင်းစုတွင် ရေငန်ရပ်၌သာ နေထိုင်ကြသော ကျောရိုးမဲ့ သတ္တဝါများ ပါဝင်ကြသည်။ များသောအားဖြင့် အခွံမာ၍ အချို့သာလျှင် အခွံပျော့ကြသည်။ ပုံပန်း သဏ္ဍာန် အရွယ်အစား အရောင်အဆင်း အမျိုးမျိုး ရှိကြသော်လည်း ယင်းတို့အားလုံးတွင် ရေဒီယမ်အလိုက် ငါးခြမ်းညီသော ခန္ဓာကိုယ်ရှိကြ၍ အခေါင်းပွပြီးလျှင် နူးညံ့ ပျော့ပျောင်းသော ခြေထောက်များ ရှိကြသဖြင့် ဖြေးဖြေးသာလျှင် သွားလာလှုပ်ရှားနိုင်ကြသည်။ ခန္ဓာကိုယ်ကို ထိခိုက်မိ၍ အတော်အတန် ပျက်စီး သွားသော် အလွယ်တကူ ပြောက်ကင်းသွားနိုင်သော သတ္တဝါမျိုးလည်း ဖြစ်သည်။ မြန်မာ့ အီကိုင် နိုဒမ်ကောင်များအနက် ရခိုင်နှင့် တနင်္သာရီကမ်းခြေ အရပ်ဒေသများတွင် နေသော ရေလက်ဝါးကောင်များ၊ ပင်လယ်ဖြူ ကောင်များ၊ ပယ်လယ်မြှော့များ (ဆင်မြှော့များ)၊ ပင်လယ်ပန်းများနှင့် ပယ်လယ်ချပ်ပြားများကိုသာ အများက တွေ့ဘူး မြင်ဘူးကြသည်။

ကြယ်ပုံသဏ္ဍာန်ရှိသော ရေလက်ဝါးကောင်များသည် ကျောက်ဆောင် ကျောက်တုံးများ အောက်ဘက်ရှိ ရွံ့နှင့် သဲရောသော နေရာများတွင် နေတတ်ကြသည်။ အချို့သည် ရေအတန်ငယ်နက်သော နေရာရှိ ကျောက်ဆောင် ကျောက်ခက် များကို အကာအကွယ်ပြု၍ နေတတ်ကြသည်။ ကနန်း၊ ကမာနှင့် ယောက်သွားများကို စားတတ်သော အသားစား သတ္တဝါ များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ပုလဲမွေးမြူရေးလုပ်ငန်းကို အကျိုးပျက်ပြားစေသော သတ္တဝါများလည်း ဖြစ်ကြသည်။ ပင်လယ်ဖြူကောင်များသည် ကျောက်ကြို့ကျောက် ကြားတွင်နေ၍ အသေကောင်များကို စားတတ်ကြသည်။ ယင်းတို့၏ ခ။ကိုယ်သည် လုံးဝိုင်း၍ မာသော အခွံရှိသည်။ များသောအားဖြင့် အညိုရောင်၊ ခရမ်းရောင် ရှိကြပြီးလျှင် အချို့တွင် အစိမ်းနုရောင် ရှိတတ်ကြသည်။ အခွံမာပေါ်တွင် ဖြည်းညင်းစွာ လှုပ်ရှားနိုင်သော ဆူးရှည်ကြီးများ ရှိသောကြောင့် ယင်းတို့ကို အများက ရှောင်ရှားကြသည်။ ဆူးများမှာ အသင့်အတင့် အဆိပ်ရှိ၍ စူးမိလျှင် ထွင်ရန် မလွယ်ကူချေ။ ပင်လယ်မြှော့၊ သို့မဟုတ် ဆင်မြှော့ခေါ် အီကိုင်နိုဒမ်ကောင်များသည် ကျောက်နှင့် သဲစပ်စပ်ရှိ၍ ဒီရေဖုံးကာ ဆင်ခြေလျှောဖြစ်သော အရပ်ဒေသများတွင် စုရုံး၍ နေတတ်ကြသည်။ အရွယ်အစား အရောင်အဆင်း အမျိုးမျိုးရှိသည်။ များသောအားဖြင့် အညိုရောင်၊ ခရမ်းရောင် ရှိကြသည်။ လုံးရှည်ရှည် သဏ္ဍာန်ရှိ၍ အခွံပျော့သော ကျောရိုးမဲ့ သတ္တဝါများ ဖြစ်ကြပြီးလျှင် ခန္ဓာကိုယ်ကို ကျုံ့နိုင် ပွနိုင်ကြသည်။ အချို့ဒေသများတွင် ယင်းတို့ကို စုသိမ်း၍ အူထုတ်၊ အခွံခြစ်၊ ဆားနယ် ပြီးသော် နေလှန်းကြသည်။ ပင်လယ်မြှော့ခြောက်ကို ဟင်းချို ချက်စားတတ်ကြသည်။ ပင်လယ်ပန်းများသည် အခြားအီကိုင်နိုဒမ် ကောင်များကဲ့သို့ မဟုတ်ဘဲ ရေတွင် လွတ်လပ်စွာ ကူးခတ်သွားလာ နိုင်ကြ သည်။ခန္ဓာကိုယ်သည် ပန်းပွင့် သဏ္ဍာန် ရှိပြီးလျှင် များသောအားဖြင့် အဝါရောင်၊ အညိုရောင်နှင့် ခရမ်းရောင်ရှိသည်။ ယင်းတို့ကို ကျောက်ဆောင်၊ ကျောက်ခက်နှင့် ပင်လယ်မှော်များရှိသော နေရာများတွင် တွေ့နိုင်သည်။ ယင်းတို့၏အစာမှာ ရေတွင်ရှိသော အမှုံကောင်များ

ဖြစ်ကြသည်။ ပယ်လယ် ချပ်ပြားများတွင် ဝိုင်း၍ ပြားချပ်သော ခန္ဓာကိုယ်ရှိသည်။အခွံမာကြော၍ အခွံပေါ် ရှိ ဆူးတိုကလေးများကို လှုပ်ရှား၍ တစ်ရွေ့ရွေ့ သွားနိုင်ကြသည်။ ယင်းတို့ကို သဲသောင်စပ်တွင် တွေ့ရတတ်သည်။ မိုလပ်စကား မျိုးပေါင်းစုတွင် ရေ၌ကျက်စားသော ကျောရိုးမဲ့သတ္တဝါ အမျိုးအမည် အရေအတွက် အတော်များများ ပါဝင်သည်။

- ခရုမျိုး

အချို့က ရေငန်တွင် နေကြ၍ အချို့က ရေချိုတွင် နေကြပြီးလျှင် ကျန်အချို့မှာ စွတ်စိုသော ကုန်းပေါ်တွင် နေတတ်ကြသည်။ ခန္ဓာကိုယ် အတွင်းသား ပျော့ပျောင်း၍ အချို့တွင်မာသော အခွံရှိပြီးလျှင်၊ အချို့တွင် အခွံကင်းမဲ့နေကြသည်။ ယင်းတို့အားလုံးတွင် ကိုယ်ဆစ်များကင်းမဲ့၍ အင်္ဂါအဖွဲ့များသည် မင်တယ်ခေါ် အမေးဖြင့် ဖုံးအုပ်လျက်ရှိသည်။ အချို့က ရေအောက် မြေကြီးထဲတွင် စုရုံးနေတတ်ကြ၍၊ အချို့က သစ်တုံး ကျောက်တုံးများကို တွယ်ကပ် နေကြပြီးလျှင်၊ အချို့က လွတ်လပ်စွာ ကူးခတ်နိုင်ကြသည်။ ခရု၊ ကြွေပုပ်၊ ယောက်သွား၊ ငုံ၊ ကပ်ကျိ၊ ကမာ၊ မုတ်ကောင်၊ ဘဝဲ၊ ကင်းမွန် စသည်တို့သည် မြန်မာ့ ပင်လယ် ကမ်းခြေတွင် ဒီရေ ပုတ်ခတ်သည့် နေရာမှ အတော် နက်ရှိုင်းသော နေရာများအထိ နေထိုင်ကြသည်။ ယင်းတို့အားလုံးကို လူတို့စားသုံးကြသည်။

- ပက်ကျိနှင့် ခရုပက်ကျိ

ရေချို ခရုနှင့် ယောက်သွားများအနက် အချို့က လူတို့ကို အကျိုးပြု၍ အချို့က လူတို့အား အကျိုးမဲ့စေသည်။ ရေချိုခရုနှင့် ယောက်သွားများကို ကျေးရွာနေလူတို့ စားသုံးတတ်ကြသည်။ လင်မနီးယ အော်ရီ ကျူလာရီးယနှင့် လင်မနီးယ ဗီရီဒစ်ခေါ် ရေတိမ်ခရု မျိုးများသည် ကျွဲ နွားများတွင် အသည်းပုပ်စေသော ရောဂါဖြစ်ပေါ် စေတတ်သည်။ ခရုမျက်ပြဲတို့သည် စပါးညှောင့်များကို ကိုက်ဖြတ်တတ်သည်။ ရေငန် ခရု၊ ယောက်သွားတို့အနက် ဒီပိုးခေါ် ယောက်သွားငယ်မျိုးသည် သစ်သားဖြင့် ပြုလုပ်ထားသော လှေ၊ သင်္ဘောသွာ၊တံတားနှင့် အခြားအဆောက်အအုံများကို ဖျက်ဆီးတတ်သည်။ယောက်သွားအကြီးစားများနှင့် မုတ်ကောင် အခွံများကို ကြယ်သီးများ၊ ဘီးများမှစ၍ အလှအပပစ္စည်းများကို ပြုလုပ်ရသည်။ ပုလဲရသော မုတ်ကောင်များသည် မြိတ်ကျွန်းစု တစ်ဝိုက်တွင် ရှိကြ၍ ယခင်က ပုလဲငုပ်လုပ်ငန်းသည် အတော်အသင့် ဖြစ်ထွန်းသည်။ ယခုမူနိုင်ငံအစိုးရက မုတ်ကောင်များကို ပုလဲရအောင် စနစ်တကျ မွေးမြူနေသည်။ ရေချို ခရုနှင့် ယောက်သွားများကဲ့သို့ ပင်လယ်ခရုနှင့် ယောက်သွားများကိုလည်း စားရသည်။ အရသာကောင်းသဖြင့် ဈေးလည်း ကောင်း၏။ ရေတွင် ကူးခတ်နိုင်သော မိုလပ်စကားကောင်များကို မြိတ်စကားဖြင့် ကင်းမွန်ခေါ်၍ ရခိုင်စကားဖြင့် ရေကြက်ဟု ခေါ်သည်။ ကျောက်တုံးများတွင် တွယ်ကပ်၍ လွတ်လပ်လျင်မြန်စွာ သွားနိုင်သော မိုလပ်စကားကောင်များကို မြိတ်စကားဖြင့် ဘဝဲခေါ်၍၊ ရခိုင်စကားဖြင့် ရေမျောက်ဟုခေါ်ကြသည်။ ယင်းနှစ်မျိုးစလုံးကို အများအပြား ရှာဖွေဖမ်းယူ၍ အခြောက်လှန်း ပြီးလျှင် ပြေကြီးငါးဟု ခေါ်၍ တရုပ်တန်း ဈေးများတွင် ရောင်းချကြသည်။ အင်နီလီဒါ မျိုးပေါင်း စုတွင် တီ၊ ကျွတ်နှင့် မြေ့ကဲ့သို့ ကိုယ်ဆစ် ရှိပြီးလျှင် ပျော့ပျောင်းသော သတ္တဝါတို့ ပါဝင်ကြ၍၊ အချို့က ကုန်းပေါ်တွင် နေတတ်ကြသော်လည်း၊ အများစုသည် ရေချိုနှင့် ရေငန် အရပ်များတွင် နေကြသည်။ ရေနေ အင်နီလိပ်ကောင်များအနက် ရေချိုရပ်တွင် မြေ့များကို အများသိကြသည်။ သွေးစုတ်သတ္တဝါဖြစ်၍ ဦးခေါင်းပိုင်းရှိ ပါးစပ်တွင် ဓားကဲ့သို့ထက်သော သွားများရှိသည်။

ယင်းတို့၏တံထွေးသည် သွေးရည်ကို မခဲစေသော ဆေးဝါးပါရှိရာ ယင်းကို ဟီရူဒင်ဟုခေါ်သည်။ မြေ◌ာ◌့အမျိုးမျိုးတို့သည် ကျွဲ နွားများကို တွယ်တတ်သည့် အပြင်၊ ကောက်စိုက်ချိန်တွင် ကောက်စိုက်သူများကိုလည်း တွယ်တတ်ကြလေသည်။ ထိုကြောင့် ကောက်စိုက်သူများသည် တွယ်သော မြော့ပြုတ်ကျ စေနိုင်သော ထုံး၊ ငရုတ်၊ ဆေးရွက် စသည်တို့ကို ရောစပ်၍ထားသော မြော့ဖူးများကိုဆောင်ထား ကြရသည်။ အချို့ဒေသတွင် မြော့ကို အနာမှသွေးပုပ် စုတ်ထုတ်ရန် အသုံးပြုကြသည်။ မြော့များသည် အင်း၊ အိုင်၊ ချောင်း၊ မြောင်းများနှင့် ရေလွှမ်းမိုး သောလယ်ကွက်နှင့် ကွင်းပြင်များတွင် နေထိုင်ကြသည်။ အမျိုးအမည် အသင့်အတင့် ရှိသော်လည်း ယင်းတို့အားလုံးကို စေ့စပ်စုံလင်စွာ မျိုးခွဲ၍ မှတ်တမ်း တင်မထားချေ။ ပင်လယ်တွင်နေသော အင်နီလိပ်ကောင်များကို လူသိမများ ကြချေ။ အချို့သည် ရွှံ့နွံများ၊ ကျောက်ကြို ကျောက်ကြား များတွင် နေတတ်၍ အချို့သည် သဲထဲတွင် တွင်းတူးနေတတ် ကြသည်။ အချို့ကလည်း မိမိတို့ကိုယ်မှ ထွက်သော အကျိအချွဲဖြင့် ပြွန်များပြုလုပ်ပြီး နေတတ်ကြသည်။ ပင်လယ် ဝမ်းကောင်များအနက် ထားဝယ်နှင့် မြိတ်အနီးရှိ သဲပလုပ်များကို ဖမ်းယူ စားတတ်ကြရာ အလွန် အရသာရှိသည်ဟု ဆိုကြသည်။ များသောအားဖြင့် ရင့်သော အရောင်ရှိကြသော်လည်း အချို့သောပင်လယ်ဝမ်းကောင်များတွင် တောက်ပသော အရောင်အဆင်းရှိတတ်သဖြင့် ကြည့်ချင်စဖွယ် ဖြစ်သည်။ အာသရိုပိုးဒါး မျိုးပေါင်းစုတွင် အခွံမာ၍ ခြေအဆစ်ရှိသော ပုစွန်၊ ကနန်း၊ ကင်းခြေများ၊ ပိုးနသံကောင်၊ ပင့်ကူ၊ ကင်းမြီးကောက် စသည့် သတ္တဝါမျိုးတို့ ပါဝင်သည့်အနက် တစ်မျိုးနှင့်တစ်မျိုး ပုံပန်း သဏ္ဍာန်နှင့် ဂုဏ်အင်လက္ခဏာများ ကွာခြားကြသည့်အပြင် အရေအတွက်လည်း အလွန်များပြား ကြသောကြောင့် ယင်းတို့ကို အုပ်စုလေးစုခွဲ၍ မျိုးပေါင်း လေးမျိုးတွင် ထည့်သွင်းထားသည်။

ယင်းမျိုးပေါင်းတို့မှာ ကရပ်စတေးရှား၊ အာရက်နီဒါး၊ ဒစ်ပလိုပိုးဒါးနှင့် အင်းဆက်တားတို့ဖြစ်ကြသည်။ ယင်းတို့အနက် ကရပ်စတေးရှား မျိုးပေါင်းတစ်ခုလုံးတွင် ပါဝင်သော အကောင်များမှာ ဗုစွန်၊ ကနန်း၊ ဝင်ကစွတ် စသည်တို့ဖြစ်၍ ရေထဲတွင် အမြဲတစေနေနိုင်ကြသည်။ ရေငန် ရေချို နှစ်ရပ်စလုံးတွင် ယင်းတို့ကို တွေ့နိုင်သည်။ ရေထဲတွင် အမြဲနေနိုင်ရန်အတွက် ရေထဲမှ အောက်ဆီဂျင်ကို ရယူအသုံးပြုနိုင်သော ပါးဟက်နှင့် ရေတွင် ကောင်းစွာ ကူးခပ် သွားလာနိုင်ရန် ကိုယ်နေ ဟန်ထားနှင့် ခြေလက်များလည်းရှိ ကြသည်။ ကျန်မျိုးပေါင်းများမှာ ကုန်းနေသတ္တဝါများ ဖြစ် ကြသည်။ သို့ရာတွင် အင်းဆက်ပိုး အနည်းငယ်တို့မှာ ရေတွင် နေထိုင်ကျက်စားကြသည်။ ဝါးတားစတြိုက်ဒါတို့မှာ ရေတွင် အမြဲနေကြသည်။ အင်းဆက်ပိုးတို့ဖြစ်သည့် ခြင်အမျိုးမျိုးနှင့် ပုစဉ်းအမျိုးမျိုး၏ သားလောင်းများလည်း အတောင်မပေါက်မီအတွင်း ရေထဲတွင် အတန်ကြာအောင် နေထိုင်ကြသည်။ အချို့တွင် ပါးဟက်သဖွယ် လေရှူအင်္ဂါများရှိ၍ အချို့က ရေမျက်နှာပြင်သို့တက်ပြီး လေကိုရှူရသည်။ ကော်ဒက်တာ မျိုးပေါင်းစုမှ ပရိုတို ကော်ဒယ်တာ မျိုးပေါင်းခွဲတွင် ပါဝင်သော မြန်မာ့ ရေသတ္တဝါများမှာ လူသိမများချေ။ ယင်းတို့အနက် မျိုးပေါင်း ကျူနီကိတ်တာ (တနည်း) ယူရိုကော်ဒက်တာကို ကိုယ်စားပြုသော ကျူနီကိတ် ကောင်များသာလျှင် အချို့က သိကြသည်။ ယင်းကျူနီကိတ်ကောင်များကို တနင်္သာရီနှင့် ရခိုင်ကမ်းခြေ တစ်လျှောက်ရှိ ကျောက်ဆောင်၊ ကျောက်တုံးများပေါ် တွင်သော် လည်းကောင်း၊ ထိုကျောက်ဆောင်၊ ကျောက်တုံးများအောက်တွင်သော် လည်းကောင်း တွေ့ရသည်။ ရခိုင်တိုင်းတွင် ယင်းကျူနီကိတ်ကောင်များကို ရေအိတ်ဟုခေါ် ကြသည်။ယင်းအကောင်များသည် ဒီရေဖုံးသော ကျောက်ဆောင်ကျောက်တုံးများ အောက်ဘက်နှင့် အပေါ်ဘက်တွင် တွယ်ကပ်၍ နေတတ်ကြသည်။ ကိုယ်ခန္ဓာ၏ ပုံသဏ္ဍာန်မှာ အိတ်သဖွယ်ဖြစ်၍ အရွယ် အစားသည် ခြေမလောက်သာရှိသည်။ အကောင်၏ အပေါ်ဘက်တွင်

အပေါက်ငယ် နှစ်ခုရှိ၍ ကျောက်များကို လှန်လိုက်သော အခါတွင်ဖြစ်စေ၊ သို့မဟုတ် ယင်းတို့ကို ကိုင်တွယ်လိုက်သော အခါတွင်ဖြစ်စေ အပေါက်ငယ်နှစ်ခုမှ ရေများပန်းထွက် လာသည်။ ပရိုတို ကော်ဒက်တာမျိုးပေါင်းစုတွင် သတ္တဝါအမျိုးအမည် အတော်များများ ပါဝင်ကြသည်။ ယင်းသတ္တဝါစု တို့သည် စိတ်ဝင်စားဖွယ် ကောင်းသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသတ္တဝါတို့သည် ကျော်ရိုးမဲ့ သတ္တဝါတို့၏ လက္ခဏာများ အသင့်အတင့် ပြသည့်အပြင် ကျောရိုးရှိ သတ္တဝါတို့၏ လက္ခဏာများကိုလည်း ပြသော ကြောင့် ဖြစ်သည်။ ကျောရိုးမဲ့ သတ္တဝါတို့၏ လက္ခဏာများပါသောကြောင့် အဆင့်အတန်းနိမ့်သည်ဟု ဆိုရမည် ဖြစ်သော်လည်း အရေးပါသော ကျောရိုးရှိ သတ္တဝါတို့၏ လက္ခဏာများလည်း ပါရှိပြန်သောကြောင့် ကျောရိုးရှိ သတ္တဝါ အုပ်စုနှင့်အတူ သတ္တဗေဒပညာရှင်များက ပူးတွဲထားလေ့ရှိသည်။ ယင်းအရေးပါသည့် ကျောရိုးရှိသတ္တဝါတို့၏ လက္ခဏာများမှာ ရေထဲတွင် အသက်ရှူနိုင်သော ပါးဟက်များ၊ ကိုယ်ခန္ဓာကို အလျားလိုက် ထိန်းထားသော နိုတိုကော့နှင့် အခေါင်းပါသော ဦးနှောက်နှင့် ကျောရိုးနဗ်ကြော မတို့ဖြစ်ကြသည်။ ကော်ဒက်တာ မျိုးပေါင်းစုတွင် မြန်မာ့ ကျောရိုးရှိ သတ္တဝါအုပ်စုကြီး ငါးစုပါဝင်သည်။ ယင်းအုပ်စု ငါးစုအနက် အနိမ့်ဆုံး အဆင့်ဖြစ်သော ပိုက်ဆီမျိုးပေါင်းတွင် ငါးသတ္တဝါများ ပါဝင်ကြသည်။ ငါးဟူသော သတ္တဝါတို့သည် ရေတွင် ပါးဟက်ဖြင့် အသက်ရှူနိုင်၍ ရေယက်များဖြင့် ရေတွင် ကျင်လျင်စွာ ကူးခတ် သွားလာနိုင်သော ကျောရိုးရှိ သတ္တဝါမျိုး ဖြစ်ကြသည်

ရေချိုနှင့် ရေငန် နှစ်ရပ်စလုံးတွင် နေထိုင်ကျက်စားသည့် သတ္တဝါများဖြစ်သော ငါးတို့သည် အမျိုးအမည် အရေအတွက် အလွန် များပြားကြသည်။ နှစ်စဉ်နှစ်တိုင်း ယင်းတို့ကို ဖမ်းယူ စားသောက်ကြသော်လည်း အလွန်ပွားများသော သတ္တဝါမျိုးဖြစ်သောကြောင့် အမျိုးမပြုတ်နိုင်ချေ။ မြန်မာနိုင်ငံတွင် ကျောရိုးရှိ ရေသတ္တဝါတို့အနက် ယင်းတို့သည် အများဆုံး ဖြစ်၏။ သို့ရာတွင် နောင်လာနောက်သားတို့အတွက် အစာဖူလုံမှုကို ရည်စူး၍ စည်းကမ်းစနစ်ဖြင့် ဖမ်းယူသင့်ပေသည်။ ရေချိုငါးများထက် ရေငန်ငါးများက အမျိုးအမည်အရေအတွက် ပိုမိုများပြားသည်။ အရွယ်အစားအားဖြင့် အကြီး ဆုံးသော ငါးများကို ရေငန်ပိုင်းတွင်သာ တွေ့မြင်နိုင်သည်။ ဈေးတွင် တင်ရောင်းသော ရေချိုငါးများမှာ ငါးကျည်း၊ ငါးခူ၊ ငါးပနော်၊ ငါးပြေမ၊ ငါးကြင်း၊ ငါးသိုင်း၊ ငါးနက်ပြာ၊ ငါးမျက်ဆန်နီ၊ ငါးမြင်း၊ ငါးပတ်၊ ငါးသလောက် စသည်တို့ ဖြစ်ကြသည်။

ရေငန်ငါးများမှာ ငါးမုတ်၊ငါးဓားလွယ်၊ငါးကွန်းသျှပ်၊ ငါးဇဉ်းပြား၊ ငါးနီလေး၊ ကကူရန်၊ ကသပေါင်း၊ ငါးမန်း၊ ငါးလိပ်ကျောက် စသည်တို့ ဖြစ်ကြသည်။

မြန်မာ့ ငါးအများအပြားတို့သည် ရေထဲတွင် နေတတ်ကြသော်လည်း အချို့တို့မှာ ရွှံ့နွံထဲတွင် နေတတ်ကြသေးသည်။ ယင်းတို့မှာ ငါးရှဉ့်၊ ငါးလင်ပန်း၊ ငါးမြွေထိုးနှင့် ငါးပုံ့များဖြစ်ကြသည်။

မြန်မာ့ရေချိုငါးများအနက် ငါးကျည်း၊ ငါးခူ၊ ငါးရံ့ အမျိုးမျိုးနှင့် ငါးပြေမတို့သည် ရေတွင် အသက်ရှူနိုင်သည့်အပြင် ကုန်းပေါ်တွင်လည်း လေကို ရှူနိုင်သော ငါးများဖြစ်ကြသည်။ ထို့ကြောင့် ယင်းငါးအရှင်များကို ဈေးများတွင် တစ်နှစ်ပတ်လုံး ရနိုင်သဖြင့် လတ်ဆက်စွာ စားသုံးနိုင်ကြသည်။ ယင်းကဲ့သို့

လေရှူနိုင်ခြင်း၏ အကြောင်းရင်းမှာ ပါးဟက်အိမ် အပေါ် ပိုင်းတွင် လေထဲမှအောက်ဆီဂျင်ကို ထုတ်နုတ်ယူနိုင်သော အင်္ဂါရပ်များ ရှိသောကြောင့်ဖြစ်သည်။ ယင်းအင်္ဂါရပ်များမှာ သွေးကြောများဖြင့် ရှက်သန်းလျက်ရှိ၏။ မြန်မာ့ငါးများအနက် ရေချိုရေငန် နှစ်ရပ်စလုံးတွင် နေသော ငါးပူတင်းများနှင့် ငါးဆတ်ခေါ် ငါးများ၏ အသားတွင် အဆိပ်ပါရှိသည်ဟုဆို၏။ ထိုကြောင့် ယင်းငါးများကိုလူတိုင်း မစားချေ။ ဤငါးများကို စားခဲ့လျှင် အဆိပ်စုသည့် အသည်း၊ သည်းချေ စသည်တို့ကို သတိနှင့် ဖယ်ရှား၍ ချက်စားတတ်ကြသည်။ ငါးကျည်း၊ ငါးခူ၊ ငါးဇင်ရိုင်း၊ ငါးကြောင်း၊ ငါးအိုင့် စသည့် ငါးများ၏ ရေယက် ဆူးတောင်သည် စူးမိပါက အတော်ပင် နာကျင်တတ်သည်။ ငါးများသည်လည်း အခြားသတ္တဝါတို့ကဲ့သို့ အသားစား၊ အပင်စား၊ အစုံစား၊ အညစ်အကြေးစား ဟူ၍ မည်သည့် အစာစားသည်ကို လိုက်ပြီးသော် ခွဲခြား သတ်မှတ်နိုင်သည်။ ငါးများသည် ယေဘုယျအားဖြင့် အုတတ်သော်လည်း၊ အချို့မှာ အကောင်ပေါက်ဖွား ကြသေးသည်။ ယင်းတို့အနက် ရေချိုပိုင်းနေ ငါးသောင်မြင်းနှင့် ရေငန်ပိုင်းနေ ငါးမန်းအချို့လည်း အပါအဝင်ဖြစ်သည်။ အင်ဖီးဗီးယား မျိုးပေါင်းသည် ကော်ဒက်တာ မျိုးပေါင်းစုတွင် ပါဝင်သည်။ ငါးများထက် အဆင့်မြင့်၍ တွားသွား သတ္တဝါများထက်နိမ့်၏။ အင်းဖီဗီးယား ကောင်များကို ကုန်းနေ ရေသတ္တဝါဟုလည်း ခေါ် ကြသည်။ သားလောင်းဘဝတွင် ရေထဲ၌ ကျက်စား၍ ငါးကဲ့သို့ ပါးဟက်ဖြင့် အသက်ရှူနိုင်သော်လည်း အရွယ်ရောက်သောအခါ အဆုတ်ဖြင့်လေရှူသော သတ္တဝါမျိုးဖြစ်ကြသည်။ ယင်းတို့ မျိုးပွားရန်အတွက် ရေသည် အလွန်အရေးကြီးသဖြင့် မိုးဦးကျစအချိန်၌ ယင်းတို့ကို ရေအိုင်၊ ရေကန်များတွင် စုရုံးနေကြသည်ကို တွေ့မြင်နိုင်သည်။ ရေထဲတွင် အမများက ဉအုချပြီးနောက် ဉများမှ ဖားလောင်း (ဖားတစ်ပိုင်း ငါးတပိုင်း)များ ဖြစ်လာကြသည်။ သားလောင်းများ အရွယ်ရောက်ခါနီး အဆုတ်များကိုယ်တွင်း၌ ဖြစ်ပေါ်လာ၍ အမြီးတိုသွားပြီးလျှင် ကုန်းပေါ်သို့ တက်လာကြသည်။ မြန်မာနိုင်ငံတွင် ဖား၊ ဖားပြုတ်၊ ဖားခုန်ညင်း၊ သစ်ပင်တက်ဖား စသည်ဖြင့် ဖားအမျိုးသုံး ဆယ်ကျော်ရှိသည့်အနက် ရေနှင့်အနီးကပ်ဆုံးနေသော ဖားများတွင် စွတ်စိုသော အရေခွံရှိပြီးလျှင်၊ ခြေချောင်းများမှာ တစ်ခုနှင့်တစ်ခု အရေပြားဖြင့် ဆက်စပ်နေ၍ ပေါင်တံရှည်များ ရှိသဖြင့် ရေတွင် ကျင်လျင်စွာ ကူးသန်းနိုင် ငုပ်နိုင်ကြလေသည်။

ရာနာမျိုးရင်းတွင် ပါဝင်သော ဖားများကို မြန်မာနိုင်ငံ အချို့ဒေသ၌ စားလေ့ရှိကြသည်။ ဖားအမျိုးမျိုးသည် အင်းဆက်ပိုင်းကောင် စားသော သတ္တဝါများ ဖြစ်ကြသဖြင့် လူတို့အား အကျိုးပြုသော သတ္တဝါများဟု ဆိုရပေမည်။ ကော်ဒက်တာ မျိုးပေါင်းစုမှ ရက်ပတီးလျား မျိုးပေါင်းစုတွင် ပါဝင်သော တွားသွား သတ္တဝါများအနက် မြွေ၊ ဖွတ်၊ မိကျောင်းနှင့် လိပ်များသာ မြန်မာ့ ရေပြင်များတွင် ကျက်စားကြသည်။ ယင်းတို့အားလုံးပင် ရေထဲတွင် ကျင်လျင်စွာ ကူးခတ်သွားလာနိုင်သော်လည်း လေရှူသတ္တဝါများဖြစ်ကြ၍ ရေအောက်တွင် အမြဲမနေနိုင် ကြချေ။ထိုအပြင် မျိုးပွားရန်အတွက် ကုန်းပေါ်သို့ တက်လာ ကြရသေး၏။ မြန်မာ့ ရေချိုရပ်ဖြစ်သည့် အင်း၊ အိုင်၊ ချောင်း၊ မြောင်းများအတွင်းရှိ မြက်ပင်ဒိုက်ပင်တို့ကိုမှီခို၍ နေကြသော ရေမြွေ၊ ကနဂုတ်မြွေ၊ ဒိုက်မြွေတို့သည် ရေထဲရှိ ဖားငါးများကို အစာအလို့ငှာ ဖမ်းယူ စားသောက်ကြသည်။ ယင်းတို့တွင် အရောင်အဆင်း အရွယ်အစား အမျိုးမျိုးရှိကြ၍ အဆိပ်ကင်းမဲ့၏။ မြန်မာ့ ရေငန်ရပ်ဖြစ်သော တနင်္သာရီနှင့် ရခိုင်ကမ်းခြေ တစ်လျှောက်ရှိ ကျောက်တုံးကျောက်ဆောင် များကို အကွယ်အကာယူ၍ နေထိုင်ကြသော ဂျပ်မြွေခေါ် ပင်လယ်မြွေ အမျိုးမျိုး ရှိကြသည်။ ယင်းတို့တွင် ထောင်လိုက် ပြားသောအမြီးများရှိသဖြင့် အခြားရေမြွေများထက်ရေတွင် ကျင်လျင်စွာ သွားလာနိုင်ကြသည်။

ဂျပ်မြွေမျိုးအားလုံး၌ ပြင်းထန်သော အဆိပ်ရှိသဖြင့် ယင်းတို့သည် မြွေဆိုးစားရင်းဝင်များ ဖြစ်ကြသည်။ အရောင်အရွယ်အစား အမျိုးမျိုးရှိသော်လည်း ယင်းတို့အားလုံးပင် ကြောင်ကျားသော အဆင်းရှိသည်။ အချို့မှာ ရေငန်ရောက်သော မြစ်များ ချောင်းများအထိ လာရောက် ကျက်စားနေထိုင်ကြသည်။ ရေတွင် အမြဲကျက်စားသော အထက်ပါ မြွေအားလုံးပင် ကုန်းပေါ်၌ ကောင်းစွာ မရွေ့လျားနိုင်ကြချေ။ မြန်မာနိုင်ငံတွင် ဖွတ်သုံးမျိုးနှင့် ဖွတ်မိကျောင်း တစ်မျိုးရှိသည်။ဖွတ်ရိုးရိုးတို့မှာ အရောင်မဲ့ခြောက်ခြောက် ဖြူယော်ယော် ရှိနေ၍ အရွယ်အစား အသင့်အတင့် ကြီးမားသည်။

ဖွတ်မိကျောင်းမှာမူ ခုနစ်ပေအထိရှည်လျား၍ ရေတွင် ပိုမိုကျင်လျင်၏။ အရောင်အဆင်းမှာ အရွယ်ရောက် အကြီးဆုံးလျှင် မည်းနက်၍ ကျော်ဘက်တွင် အဝါကွက်များ ကန့်လန့်လိုက် စီနေ၏။ ဖွတ်နှင့် ဖွတ်မိကျောင်အသားကို စားကောင်းသည်ဟု အများက ယူဆကြသည်။ မြန်မာ့ရေပြင်တွင် တွေ့ရသော မိကျောင်း နှစ်မျိုးရှိသည်။

ကရော့ကို ဒီလပ်ပယ်လတ် စတြစ်ခေါ် မိကျောင်းမှာ မှတ်တို၍ ယင်းကို သရက်မြို့အနီး ဧရာဝတီမြစ်အထက်ပိုင်းရပ်တွင် တွေ့နိုင်သည်။ ကရော့ကို ဒီလပ်ပေါ် ရိုဆပ်ခေါ် မိကျောင်းမှာ ဇက်သေးသွယ်၍ အကောင် ကြီးမားသည်။ အချို့မှာ ပေသုံးဆယ်အထိကြီးပြီးလျှင် လူနှင့် တိရစ္ဆာန်ကြီးများကိုပင် ခုခံတတ်ကြသောကြောင့် ကြောက်မက် ဖွယ်ရာကောင်း၏။ မိကျောင်းအသားကို အချို့စားတတ်ကြ သော်လည်း အများက မကြိုက်ချေ။ ရေချိုတွင် ကျက်စားသော မြန်မာရေလိပ်များမှာ အကောင် မကြီးမားလှချေ။ ကုန်းပေါ်တွင်လည်းကောင်း၊ ရေထဲတွင်လည်းကောင်း ကောင်းစွာသွားလာနိုင်၍ ခြေချောင်း ကြားတွင် အရေပြားရှိကြသည်။ ရေချိုလိပ်အားလုံးပင် အပင်စား သတ္တဝါများဖြစ်ကြ၏။ မြန်မာ့ ပင်လယ်လိပ်များမှာမူ အကောင်ကြီးမားလှ၍ အချို့မှာ ငါးပေခွဲမှ ခြောက်ပေအထိ ရှည်သည်။ ပင်လယ်လိပ်တို့သည် ကုန်းသို့တက်၍ အုကြရာ၊ ယင်းတို့ ဥချသော သီးသန့်ထားသည့် ကမ်းခြေများတွင် ဥများကောက် သိမ်းရန်အတွက် အစိုးရထံ အခွန်ပေးရ၏။ အချို့သော မြန်မာ့ပင်လယ်လိပ်အခွံမှ အဖိုးတန် လိပ်ခွံဘီးများ ပြုလုပ်ရ၏။ လိပ်သားကို ကမ်းခြေတွင် နေထိုင်သူအများပင် စားသောက်ကြ၏။ အေဗီမျိုးပေါင်းသည် ကော်ဒက်တာ မျိုးပေါင်းစုတွင် ဒုတိယ အမြင့်ဆုံးဖြစ်၍ ငှက်များပါဝင်သည်။ ရေတွင် ကျင်လည်ကျက်စားသော မြန်မာ့ရေငှက် အမျိုးမျိုးရှိသော်လည်း ယင်းတို့အားလုံးပင် အဆုတ်ဖြင့် လေရှူကြသဖြင့် ရေသတ္တဝါ စစ်စစ် မဟုတ်ကြချေ။ ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် အလေ့အထကို ထောက်ရှု၍ မြန်မာ့ရေငှက်များကို သုံးမျိုးသုံးစားခွဲခြား ထားနိုင်သည်။ ပထမ အမျိုးအစားတွင် ခန္ဓာကိုယ် ပုဝိုင်း၍ ပြားသောနှုတ်သီး ရှိကြပြီးလျှင် ခြေချောင်းများ တစ်ခုနှင့်တစ်ခု အရေ ပြားဖြင့် ဆက်စပ်နေသည်။ ထို့အပြင် ခြေထောက်များသည် တိုကြသည်။ တစ်နည်းအားဖြင့် ဘဲမျိုးဟုလည်း ခေါ် နိုင်ပေ သည်။ ရေဝမ်းဘဲ၊ ငှက်ကြီး ဝံပိုငှက်၊ စစ်စလီ၊ ကလကတ်၊ ဇင်ယော်၊ တင်ကျီးစသော ငှက်များ ဤအမျိုးတွင် ပါဝင်သည်။

